# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ စနေနေ့ | အတွဲ(၆၅)၊ အမှတ်(၃၄၂)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။


သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

**ယနေ့ ဖတ် စ ရာ**


တရားမဝင်ခါတ်အား ရယူသုံးစွဲမှုကို ရှောင်ကြဉ်ကြပါစို့
ဆောင်းပါး ◆ စာ ◆ ၁၀

ညောင်တုန်း ကျွန်းတာ (ရောဝတီ မြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေး ဆက်လက် ဆောင်ရွက်
ပြည်တွင်းသတင်း ◆ စာ ◆ ၁၃

BRICS နိုင်ငံများအဖွဲ့ စီးပွားရေးဖိုရမ် ၂၀၂၆ ကျင်းပ
နိုင်ငံတကာ ◆ စာ ◆ ၁၄

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင် တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ဂုဏ်ပြုကြိုဆို တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ရှိ ညီညွတ်ရေးနန်းတော် (Solidarity Palace) ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏

## ဆန်စက်များ ညအချိန်လည်ပတ်ခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာလာ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆန်စက်များ ညအချိန် လည်ပတ်ခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် များစွာသက်သာလာကြောင်း ဆန်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

ညအချိန် ဆန်စက်များ လည်ပတ်ရာတွင် လျှပ်စစ်ခါတ်အား ပိုမိုတည်ငြိမ်သဖြင့် စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရသည့် ကုန်ကျစရိတ် သက်သာခြင်း၊ ညအချိန် အပူချိန်လျော့နည်းခြင်းကြောင့် စက်ယန္တရားများ အပူလွန်ကဲ၍ ပျက်စီးခြင်းကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခြင်းတို့အပြင်

*စာမျက်နှာ ၅ ကော်လံ ၁* ❖




## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့မွန်းလွဲ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း - အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းရိုးတန်း-ဩရိဿပြည်နယ်တောင်ပိုင်းတို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လက်ရှိကျင့်သုံးလျက်ရှိသော "စုံ"/ "မ" ရက်စနစ် - QR Code သတ်မှတ်ချက်နှင့်အညီ စက်သုံးဆီအရောင်းဆိုင်များတွင် ပုံမှန်အခြေအနေအတိုင်း ရောင်းချလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘာ့နိုင်ငံရေး အခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီဖြိုးဖြဲချွေတာသုံးစွဲရေးနှင့် ဖူလုံမှုရှိစေရေးအတွက် "စုံ" ရက်များတွင် စုံနံပါတ်အက္ခရာပါသောယာဉ်များနှင့် "မ" ရက်များတွင် မ နံပါတ် အက္ခရာပါသော ယာဉ်များအား သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မောင်းနှင အသုံးပြုရန် ထုတ်ပြန်ခဲ့သည့် ပြည်သူသို့အသိပေးကြေညာချက်များအား ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ပယ်ဖျက်ခဲ့ပြီး နိုင်ငံ၏ စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်းစနစ်အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လက်ရှိကျင့်သုံးလျက်ရှိသော "စုံ"/ "မ" ရက်စနစ် – QR Code သတ်မှတ်ချက်နှင့်အညီ ဆက်လက်ဝယ်ယူရန်ဖြစ်ကြောင်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် နိုင်ငံတော်သမ္မတရုံး၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၅* ❍

❑ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ အစိုးရအဖွဲ့မှ ဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တည်းခိုရာ ဟိုတယ်မှ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ရှိ ညီညွတ်ရေး နန်းတော်သို့ ထွက်ခွာရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကမ္ဘောဒီးယားနိုင်ငံ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံများ၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ ဓာတ်ပုံများနှင့် ပန်းစည်းများ ကိုင်ဆောင်ဝှေ့ယမ်း၍လည်းကောင်း၊ ကင်းထောက်လူငယ်မောင်မယ်များက အလေးပြု၍လည်းကောင်း ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့်နေရာသို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။


ထို့နောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အဆင့်မြင့် အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ပေးကြပြီး နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌတို့သည် ငြိမ်းချမ်းရေးနန်းတော် (Puthi Chey Hall) ၌ တွေ့ဆုံဆွေးနွေးကြသည်။


ဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တ နိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကတည်းက တွေ့ဆုံမှုများရှိခဲ့ပြီး ယခုကဲ့သို့ အဆွေတော်နှင့် ထပ်မံတွေ့ဆုံရသည့် အတွက်လည်း များစွာ ဝမ်းမြောက်ပါကြောင်း၊ မိမိတို့ ဘုရင်မင်းမြတ်အနေဖြင့် ပြည်ပသို့ ခရီးစဉ်ရောက်ရှိနေသဖြင့် မိမိမှ ၎င်း၏ကိုယ်စား အဆွေတော်အား ယခုကဲ့သို့ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ခံအစိုးရမှ နိုင်ငံတော်တာဝန် ထမ်းဆောင်နေမှု အပေါ်တွင်လည်း မိမိတို့အနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင်လည်း မိမိတို့ ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များကို စေလွှတ်ခဲ့ပြီး လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ခု ဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါကြောင်း၊ အဆွေတော်ကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့မှုအပေါ် မိမိအနေဖြင့် ဂုဏ်ယူပါကြောင်းနှင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကိုလည်း ပေးပို့ခဲ့ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့အနေဖြင့် မြင်တွေ့နေရပါကြောင်း၊ ယခုအဆွေတော်၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲတွင် မိမိတို့အနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် အဆွေတော်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ပြည်ပသို့ ရောက်ရှိနေသည့် အဆွေတော်တို့၏ ဘုရင်မင်းမြတ်နှင့် မယ်တော်မိဖုရားကြီးကိုလည်း နှုတ်ခွန်းဆက်သပါကြောင်းနှင့် ခရီးစဉ်ဖိတ်ကြားမှုအတွက်လည်း ကျေးဇူးတင်ရှိသည်ကို အဆွေတော်မှတစ်ဆင့် စကားပါးလိုပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်သည့် ခရီးစဉ်ဖြစ်သည့်အပြင် မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်သည့် ပထမဆုံးသော ခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့ရောက်ရှိချိန်တွင် ဖနောင်ပင်မြို့၏ အံ့သြဖွယ်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ သာယာမှုကို သတိပြုမိပါကြောင်း၊ အဆွေတော်၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လနှင့် နိုင်ငံကို ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်မှုများအတွက်လည်း ချီးကျူးပါကြောင်းနှင့် အဆွေတော်အတွက် ဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း၊ မိမိ နိုင်ငံတော်သမ္မတအဖြစ် ခန့်အပ်ခြင်းခံရမှုအပေါ် အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏ မြန်မာနိုင်ငံအပေါ် ညီရင်းအစ်ကိုပမာစိတ်ဖြင့်အစဉ်တစိုက်အားပေးထောက်ခံမှုများနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် အထူးအလေးထား စိတ်ဝင်စားမှုများအတွက်လည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင် တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင် က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

**❝ အဆွေတော်အနေဖြင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်ပြီး မိတ်ဆွေကောင်းပီသစွာ ဖေးမကူညီခဲ့သည့်အတွက် အမြဲကျေးဇူးတင်အမှတ်ရလျက်ရှိပါကြောင်း ❞**


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

**❝ လက်ရှိမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့အနေဖြင့် မြင်တွေ့နေရပါကြောင်း၊ ယခုအဆွေတော်၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်းကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ❞**

ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့်
အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အဆွေတော်၏ လမ်းညွှန်မှုဖြင့် ကမ္ဘောဒီးယားနိုင်ငံက အရေးပေါ်ရန်ပုံငွေ ပေးပို့ကူညီခဲ့သည်ကို အထူးပင် ကျေးဇူးတင်အမှတ်ရနေပါကြောင်း၊ အဆွေတော်အနေဖြင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်ပြီး မိတ်ဆွေကောင်း ပီသစွာ ဖေးမကူညီခဲ့သည့်အတွက် အမြဲကျေးဇူးတင် အမှတ်ရလျက်ရှိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်သူများ အကြားတွင်လည်း ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေ၊ နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင် (Joint Commission for Bilateral Coo–peration– JCBC)ကဲ့သို့ ယန္တရားများကို ပြန်လည်စတင်ဆောင်ရွက်သွားနိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံတွင် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အနာဂတ်အတွက် အလားအလာကောင်းများရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါက ကြီးမားသည့် အောင်မြင်မှုများရရှိလာနိုင်မှုအခြေအနေ၊ နှစ်နိုင်ငံလွှတ်တော်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင် တို့ တွေ့ဆုံဆွေးနွေးစဉ်။





ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင် ဂုဏ်ပြုနေ့လယ်စာ စားပွဲအခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ဥပဒေပြုရေးတွင် အရေးပါသည့် မဏ္ဍိုင်တစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌနှင့် ဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌဖြစ်သူ အဆွေတော်နှင့် တွေ့ဆုံပြီး မိမိတို့နှစ်နိုင်ငံ ဥပဒေပြုရေးမဏ္ဍိုင်များဖြစ်သည့် လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်သွားနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ရှည်လျားကောင်းမွန်လျက်ရှိမှု အခြေအနေ၊ နှစ်နိုင်ငံနယ်နိမိတ်များ ထိစပ်နေသည့် နိုင်ငံများမဟုတ်ကြသော်လည်း ဘာသာရေး၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုအရ တူညီသည့် ဆက်နွှယ်မှုများရှိပြီး နှစ်နိုင်ငံ ဆက်ဆံမှုများ ကောင်းမွန်လျက်ရှိမှု အခြေအနေ၊ မြန်မာ–ကမ္ဘောဒီးယားနှစ်နိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ရပ်တည်ထောက်ခံလျက်ရှိမှု အခြေအနေ၊ အစိုးရအဖွဲ့အစည်းများအကြား သာမက တပ်မတော် နှစ်ရပ်အကြားနှင့် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး အပြန်အလှန်ခရီးစဉ်များ ဆောင်ရွက်သွားနိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် မဲခေါင်–လန်ချန်း၊ CLMV နှင့် ACMECS တို့ကဲ့သို့သော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ယန္တရားများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ယခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ACMECS အစည်းအဝေးများကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ယခုကာလအတွင်း “လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ACMECS ဒေသတည်ဆောက်စို့” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေး ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်များနှင့် ဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက် တင်မြှောက်ထားသော အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက် ဖော်ဆောင်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌက ငြိမ်းချမ်းရေးနန်းတော် (Aha Phirom Hall)၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော် သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်စဉ်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနုပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံမဏ္ဍပ်တို့၌ လွမ်းသူ့ပန်းခွေချ အလေးပြု

**နေပြည်တော် စက်တင်ဘာ ၁၁** ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနုပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ် ခေါင်းလောင်းပုံမဏ္ဍပ်တို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့သည် လွတ်လပ်ရေး ကျောက်တိုင်သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဝန်ကြီး H.E. Mr. TEA Seiha နှင့် အဆင့်မြင့်အရာရှိကြီးများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

**လွမ်းသူ့ပန်းခွေချအလေးပြု**

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ရှေ့ဆောင်စစ်သည်နှစ်ဦးက ဦးဆောင်၍ လွမ်းသူ့ပန်းခွေအား သယ်ဆောင်ကာ လွတ်လပ်ရေးကျောက်တိုင်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။


ယင်းနောက်နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခမည်းတော်ဘုရင် သီဟာနု ပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံမဏ္ဍပ်သို့ ရောက်ရှိကြရာ ကမ္ဘောဒီးယား နန်းတွင်းရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ခမည်းတော်ဘုရင် သီဟာနု၏ရုပ်တုရှေ့တွင် လွမ်းသူ့ပန်းခွေချ၍ အလေးပြုခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ပြင်သစ်အုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရရှိခဲ့ခြင်းကို အထိမ်းအမှတ်ပြုရန်အတွက်လွတ်လပ်ရေးကျောက်တိုင်ကို ၁၉၅၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ လွတ်လပ်ရေး ကျောက်တိုင်၏ အရှေ့ဘက်ပန်းခြံအတွင်း ခေါင်းလောင်းပုံစံ မဏ္ဍပ်ကြီးအောက်တွင် ၂၀၁၂ ခုနှစ်က နတ်ရွာစံခဲ့သည့် လွတ်လပ်ရေးခေါင်းဆောင်ကြီး ခမည်းတော်ဘုရင် သီဟာနု (Norodom Sihanouk) ရုပ်တုကြီးကို ၂၀၁၃ ခုနှစ်က ဆောက်လုပ်ထားရှိကြောင်း၊ နိုင်ငံခြားအကြီးအကဲများ၏ သံတမန်ရေးရာခရီးစဉ် အစီအစဉ်များတွင် လွတ်လပ်ရေးကျောက်တိုင်၌ လွတ်လပ်ရေးသူရဲကောင်းများကို ဂုဏ်ပြုပန်းခွေချပြီး ယှဉ်လျက်ရှိသော သီဟာနုဘုရင်ကြီး၏ ရုပ်တုထားရှိရာ အထိမ်းအမှတ် ခေါင်းလောင်းပုံမဏ္ဍပ်တွင် ဘုရင်ကြီးအား အရိုအသေပေးသည့် ပန်းခွေကို သီးသန့်အစဉ်လိုက် သွားရောက်ချကြလေ့ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ခမည်းတော်ဘုရင် သီဟာနု၏ရုပ်တုရှေ့တွင် လွမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ်။



ခမည်းတော်ဘုရင် သီဟာနု၏ရုပ်တုအား တွေ့ရစဉ်။

*❖ ရွှေဖုံးမှ*

လုပ်သားများအနေဖြင့်လည်း အပူဒဏ်သက်သာစွာ လုပ်ကိုင်နိုင်သဖြင့် လုပ်ငန်းခွင် ကုန်ထုတ်စွမ်းအား မြင့်မားလာကြောင်း ဆန်စက် လုပ်ငန်းရှင်များက ဆိုသည်။

ထို့အပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပမာဏများပြားသည့် စက်မှုလုပ်ငန်းများအနေဖြင့် သတ်မှတ်ချက်များနှင့် ပြည့်စုံပါက နေ့စဉ် ည ၁၁ နာရီမှ နံနက် ၅ နာရီအထိ လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှင် ငွေကျပ် ၉၀၀ မှ ငွေကျပ် ၆၀၀ သို့လျှော့ချ၍ ဓာတ်အားရယူ သုံးစွဲခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

“နေ့ပိုင်းထက် ညပိုင်းမှာ လျှပ်စစ်ဓာတ်အား ပိုပြည့်ပြည့်ဝဝ ရနိုင်မယ်၊ ဓာတ်အားအသုံးပြုခသက်သာတဲ့စနစ်ကို ဝန်ကြီးဌာနက စီစဉ်ပေးထားတာလည်း ရှိတယ်ဆိုတော့ အကျိုးရှိကောင်းမွန်ပါတယ်။ နေ့ခင်းဘက်မှာ ကျွန်တော်တို့စက်တွေကို ဆိုလာစွမ်းအင် အသုံးပြုနိုင်သလို ညပိုင်းမှာ မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်ဓာတ်အားကို သက်သာတဲ့ဈေးနှုန်းနဲ့ ရနိုင်တာမို့ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ပါတယ်။ ထုတ်လုပ်မှုပိုင်း ပြောရရင် ဆန်တစ်အိတ်ကို ငွေကျပ် ၃၀၀ ကနေ ၅၀၀ အထိ သက်သာနိုင်တာ တွေ့ရတယ်” ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့်လည်း လျှပ်စစ်ဓာတ်အားအပြင် ဆိုလာစွမ်းအင်စနစ်ကိုပါ ဆန်စပါးထုတ်လုပ်မှုကဏ္ဍတွင် တိုးမြှင့်အသုံးပြုလာနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လျှပ်စစ်ဓာတ်အားနှင့် ဆိုလာစနစ်တို့ ပေါင်းစပ်အသုံးပြု၍ ဆန်စက်များ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရန် နေပြည်တော်၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ကနဦးဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိတွင် ဆိုလာပေါင်းစပ်စနစ်တပ်ဆင်ရန် အဆိုပြုထားသည့် ဆန်စက် ၅၃ ရုံရှိပြီး စက်တပ်ဆင်အင်အားမှာ ၅၁ ဒသမ ၁၂ မဂ္ဂါဝပ်ရှိသည်။ ယင်းတို့အနက် ဆန်စက် ၃၂ ရုံတွင် ဆိုလာစနစ် တပ်ဆင်ပြီးစီး၍ ဓာတ်အား စတင်အသုံးပြုလျက်ရှိကြောင်း အသင်းချုပ်၏ စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသော ဆန်စက် စုစုပေါင်း ၁၅၀၀၀ ကျော်ရှိရာ ရန်ကုန်တိုင်းဒေသကြီးမှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆန်စက်များတွင် လျှပ်စစ်ဓာတ်အားရရှိရန် လိုအပ်ချက်များ ရှိနေသဖြင့် ဆိုလာစနစ်များ ပြောင်းလဲ တပ်ဆင်ခြင်းနှင့် မီးစက်များဖြင့် မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ဆန်စပါးထုတ်လုပ်မှု အဓိကဒေသများဖြစ်သည့် ဧရာဝတီ၊ ပဲခူးနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီစွာသုံးစွဲနိုင်သည့် အချိန်ပေါ်မူတည်၍ ဓာတ်အားခကောက်ခံသည့်စနစ် (ToU Base Electricity Tariff System) ကို တိုးချဲ့အကောင်အထည် ဖော်ပေးရန် မျှော်လင့်လျက်ရှိကြောင်း ဆန်စက် လုပ်ငန်းရှင်အချို့က ပြောကြားသည်။ **မျိုးမင်းသူရ**

*❍ ရွှေဖုံးမှ*

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီဖူလုံမှုရှိစေရေးအတွက် အစီအမံများ ဆောင်ရွက်ထားရှိပြီးဖြစ်သည်နှင့်အညီ စက်သုံးဆီများတင်သွင်းဖြန့်ဖြူးခြင်းများကို စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီအရောင်းဆိုင်များတွင်လည်း လက်ရှိကျင့်သုံးလျက်ရှိသည့် “စုံ” ရက်များတွင် စုံနံပါတ်အက္ခရာပါသော ယာဉ်များနှင့် “မ” ရက်များတွင် မနံပါတ် အက္ခရာပါသောယာဉ်များအား QR Code၊ Barcode စနစ်များဖြင့် “စုံ”/“မ” ရက် စနစ်သတ်မှတ်ချက်အတိုင်း အခက်အခဲမရှိဘဲ ပုံမှန်အခြေအနေအတိုင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက်နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁** ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၄ နာရီ မိနစ် ၂၀ တွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ရုံး (Peace Palace)ရှိ အစည်းအဝေးခန်း၌ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲပြုလုပ်မည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ရုံး (Peace Palace)သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကို ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ကမ္ဘောဒီးယား အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် သမ္မတကြီးအနေဖြင့် တစ်ကြိမ်လာရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်တွင် အဆွေတော်၏ ကူညီဆောင်ရွက်မှုပေးမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ခေတ်မီတိုးတက်လာမှုများ တွေ့မြင်ရ**

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဖနောင်ပင်မြို့၏ မြို့ပြစနစ်တကျ ခေတ်မီတိုးတက်လာမှုများကို တွေ့မြင်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မြန်မာပြည်သူများအပေါ် လူသားချင်း စာနာထောက်ထားသည့် စိတ်၊ မိတ်ဆွေကောင်းပီသသည့် စိတ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်ခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိ၏နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်း အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံမှ အထူးကိုယ်စားလှယ်စေလွှတ်ပေးခြင်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခြင်းခံရမှုအပေါ် အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့မှုအတွက် လှိုက်လှဲစွာ ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲပထမပိုင်းနှင့် တတိယပိုင်းကို ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်များကို လေ့လာသူအဖြစ် စေလွှတ်ပေးသည့်အတွက် အသိအမှတ်ပြု ဝမ်းမြောက်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဖြစ်ပေါ်တိုးတက်မှုများကို အစဉ်တစိုက် ထောက်ခံပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်သည့်အချိန်တွင် ကမ္ဘောဒီးယား – မြန်မာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက် ခိုင်မာလာအောင် ကြိုးပမ်း လုပ်ဆောင်သွားမည်ကို အခိုင်အမာပြောကြားလိုကြောင်း ပြောကြားသည်။

**နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုများတိုးမြှင့်**

ယင်းနောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ရပ်တည်ထောက်ခံပေးလျက်ရှိမှုအခြေအနေ၊ နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME) ကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အလုပ်အကိုင် အခွင့်အလမ်းကဏ္ဍတို့တွင်

*စာမျက်နှာ ၇ သို့*







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ ရှေ့မှောက်၌ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံ

## မြန်မာနိုင်ငံ၌ အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်နေမှုနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ရင်းရင်းနှီးနှီးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၁** ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sunday နှင့် ကမ္ဘောဒီးယားအမျိုးသားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sunday တို့ တွေ့ဆုံဆွေးနွေးစဉ်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲ ကျင်းပပြုလုပ်မည့် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိရာ ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး နိုင်ငံတော်သမ္မတနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တွေ့ဆုံပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှည်လျားသည့် ရာဇဝင်သမိုင်းကြောင်းများနှင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှု၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေး ကြိုးပမ်းတည်ဆောက်ခဲ့ရမှုများ စသည်ဖြင့် တူညီကြပြီး ချစ်ကြည်ရင်းနှီးသည့် မိတ်ဖက်နိုင်ငံများ ဖြစ်မှုအခြေအနေ၊ နှစ်နိုင်ငံသည် မိတ်ဆွေနိုင်ငံများဖြစ်ကြပြီး သမိုင်းအစဉ်အလာကြီးမားကာ ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်းလည်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုများရှိခဲ့ကြသည့်အခြေအနေ၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုအခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ရွေးကောက်ခံ အစိုးရအဖွဲ့က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်က ကမ္ဘောဒီးယားနိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ကမ္ဘောဒီးယားလွှတ်တော် အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံများကို မျှဝေဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးအသင်းဖွဲ့စည်းပြီး လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာအောင် အလေးထားဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့်လူငယ်များ၏ အခန်းကဏ္ဍ မြှင့်တင် ဆောင်ရွက်လျက်ရှိမှု အခြေအနေနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sunday တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံအဆင့်မြင့် ကိုယ်စားလှယ်အရာရှိကြီးများနှင့်စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများ ပပျောက်စေရေး ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်လျက်ရှိမှုနှင့် ကမ္ဘောဒီးယားနိုင်ငံအစိုးရ အနေဖြင့်လည်း အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများ ပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်တွင်း ဖြစ်ပေါ်တိုးတက် ပြောင်းလဲလျက်ရှိမှု၊ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးထားပြီး ကမ္ဘောဒီးယားနိုင်ငံ၏ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံ တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည် ဆောင်ရွက်သွားမည့်အခြေအနေနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်မြှင့်တင်နိုင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ်၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာ လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ၁၃၂ ကေဗွီ လှိုင်ကော်ပင်မဓာတ်အားခွဲရုံ၌ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ် ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၁၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၁၃၂ ကေဗွီ လှိုင်ကော်ပင်မဓာတ်အားခွဲရုံရှိ ဆီယိုစိမ့်မှုဖြစ်ပေါ်နေသော ပင်မထရန်စဖော်မာကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် ကယားပြည်နယ် လှိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့တို့ရှိ ရပ်ကွက်နှင့်ကျေးရွာများ၊ စက်ရုံ/အလုပ်ရုံများနှင့် စက်မှုဇုန်များ အချိန် ၆ နာရီကြာခန့် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ၁၃၂ ကေဗွီ အနီးစခန်းပင်မဓာတ်အားခွဲရုံရှိ ပင်မထရန်စဖော်မာ၏ Protection Relay အစားထိုးလဲလှယ်ခြင်းလုပ်ငန်းအား စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြင်ဦးလွင်မြို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ/အလုပ်ရုံများ အချိန် ၂ နာရီ ကြာခန့် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှတစ်ဆင့် ကြိုတင်အသိပေးထားပြီး ဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှတာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်မောင်ဆွေ၊ ဒေါက်တာ ကံဇော်၊ ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင်လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ၏ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ အထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကို လေ့လာဖူးမြော်သွားမည်ဖြစ်သည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး H.E. Mr. THOR Chetha ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ကြစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန်နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး H.E. Mr. THOR Chetha ဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHENG Manith၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးမင်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် သံရုံး၊ စစ်သံရုံးမိသားစုဝင်များက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုစဉ် ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ လည်းကောင်း၊ ကမ္ဘောဒီးယား အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍ လည်းကောင်း၊ ကမ္ဘောဒီးယားပြည်သူများကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့၏ ဓာတ်ပုံများကိုင်ဆောင်ပြီး ပန်းစည်းများဝှေ့ယမ်း၍ လည်းကောင်း ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ကမ္ဘောဒီးယားနိုင်ငံမှ ပြည်သူများနှင့်ကျောင်းသားလူငယ်များက နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံများကိုင်ဆောင်၍လည်းကောင်း၊ နှစ်နိုင်ငံအလံများ၊ ပန်းစည်းများ ဝှေ့ယမ်း၍လည်းကောင်း ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီး၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက အမှာစကားပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် ပြိုင်ပွဲဝင်များက သက်ဆိုင်ရာဘာသာရပ်အလိုက် အစီအစဉ်အတိုင်း ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် လျန်ယွင်ကန်မြို့၌ ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ ပါဝင်တက်ရောက်ခဲ့သည်။




စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်းရှောင်ဟုန်နှင့် အဖွဲ့အား တွေ့ဆုံပြီး နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လျန်ယွင်ကန်မြို့ရှိ Haizhou Bayview၊ Conference Center ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဖွင့်ပွဲနှင့် ဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်း အပြန်အလှန်ဆက်နွယ်မှု မြင့်တက်လာခြင်းနှင့်အတူ နယ်စပ်ဖြတ်ကျော် လုံခြုံရေးခြိမ်းခြောက်မှုများအပေါ် နိုင်ငံစုံနှင့် နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံကြောင်း၊ မြန်မာနိုင်ငံ၏ လုံခြုံရေးချဉ်းကပ်မှုသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်၊ နိုင်ငံများ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်မှုများအပေါ် အခြေခံထားကြောင်း၊ တရုတ်နိုင်ငံ၏ ဘက်စုံကျယ်ပြန့်ပြီး ရေရှည်တည်တံ့သော လုံခြုံရေးမျှော်မှန်းချက်ဖြစ်သည့် Global Security Initiative (GSI)ကို ကြိုဆိုထောက်ခံကြောင်း၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် ဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များမှတစ်ဆင့် နယ်စပ်ဒေသဆိုက်ဘာလိမ်လည်မှု (Online Scam) ကွန်ရက်များကို ဖြိုခွဲနိုင်ခဲ့ခြင်း၊ တရားမဝင်ဆက်သွယ်ရေးပစ္စည်းများ သိမ်းဆည်းနိုင်ခဲ့ခြင်းစသည့် လက်တွေ့ကျသော ရလဒ်များရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်း၍ နိုင်ငံဖြတ်ကျော်မှုခင်းများကို အရှိန်အဟုန်မြှင့် တိုက်ဖျက်သွားရန် အဆင်သင့်ရှိကြောင်း ပြောကြားသည်။

စက်တင်ဘာ ၁၀ ရက်တွင် ဆက်သွယ်ရေးစနစ်နှင့် အင်တာနက်အသုံးပြု လိမ်လည်မှုတိုက်ဖျက်ရေး နိုင်ငံတကာမဟာမိတ်အဖွဲ့ စတင်တည်ထောင်သည့် အခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပြီး Haizhou Bayview၊ Conference Center အတွင်းရှိ ပြည်သူ့လုံခြုံရေးဆိုင်ရာ နည်းပညာပြပွဲကို သွားရောက်လေ့လာခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပြီး အပြုသဘောဆောင်သည့်ရလဒ်များ ရရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၉) သစ်တောဦးစီးဌာန ရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည်။




ဆွေးနွေးပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း(ဝဲပုံ) တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးသော်သော်နိုင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆွေးနွေးပွဲအပြီးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးတိုးရီ သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)များနှင့် တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးနှင့် ဦးခင်လတ်ကြီး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၅) သင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၁**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၅) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက နိုင်ငံတော်က "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး"နှင့် "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"ဆိုသည့် ဦးစားပေး ရည်မှန်းချက်နှစ်ရပ်ကို လက်ကိုင်ထားပြီး ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အဓိကကျသည့် ပညာရေးကဏ္ဍကို မြှင့်တင်လုပ်ဆောင်ကြရမည်ဖြစ်သလို မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ ကျောင်းသားလူငယ်၊ တပည့်များကို ဗလ ငါးတန်နှင့် ပြည့်စုံရန် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိပြီး ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံ့သားကောင်းများ ဖြစ်အောင် သွန်သင်ဆုံးမ လမ်းပြပေးကြရန်နှင့် ပါတီနိုင်ငံရေးကင်းရှင်းစွာ နိုင်ငံတော်အတွက် အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားပြီး သင်တန်းတွင် ထူးချွန်သူများကို ဆုများပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၃ ဦး၊ သင်တန်းသူ ၃၈၈ ဦး၊ စုစုပေါင်း ၄၈၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့သည်။

ယမန်နေ့ကလည်း ခတ္တာဆောင်တွင် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၅) သင်တန်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ပြီး သင်တန်းအိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တက္ကသိုလ်ရှိ ပင်မရုံး အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပညာရပ်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ ရတနာခန်းမ၌ အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၇၅)၊ အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၇)၊ အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၀၇)တို့မှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားပြီး တက္ကသိုလ်ရှိ ရာသီသီးနှံစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ယောမင်းကြီးဆောင် စားရိပ်သာ၌ ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး သင်တန်း အမှတ်စဉ်(၁၈)နှင့် အလယ်အလတ်အဆင့် အရာထမ်း သင်တန်း အမှတ်စဉ်(၁၅)တို့မှ သင်တန်းသူ သင်တန်းသားများနှင့်အတူ ညနေစာသုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

စက်တင်ဘာ ၁၂ ရက်တွင် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# တရားမဝင်ဓာတ်အားရယူသုံးစွဲမှုကို ရှောင်ကြဉ်ကြပါစို့

**နိုင်ငံ့သားကောင်း**

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော လူ့အဖွဲ့အစည်းတစ်ခုတွင် လျှပ်စစ်ဓာတ်အားသည် နိုင်ငံတည်ဆောက်ရေး၊ စက်မှုလုပ်ငန်းများ လည်ပတ်ရေးနှင့် ပြည်သူတို့၏ နေ့စဉ်ဘဝသက်သာချောင်ချိရေးအတွက် မရှိမဖြစ် အဓိကကျသော အရင်းအမြစ်တစ်ခုဖြစ်ပါသည်။

သို့သော်လည်း လက်ရှိမြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်း၌ စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရချိန်၌ တရားမဝင် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုပြဿနာမှာလည်း တစ်စတစ်စ ကြီးထွားလာလျက်ရှိပါသည်။ ဤကဲ့သို့ တရားမဝင် ဓာတ်အားသုံးစွဲမှုများသည် နိုင်ငံတော်၏ ဘဏ္ဍာငွေနှင့် စီးပွားရေးကို ထိခိုက်စေရုံသာမက လျှပ်စစ်မီးမမှန်ခြင်း၊ မီးဘေးအန္တရာယ်ကျရောက်ခြင်းကဲ့သို့သော ဆိုးကျိုးများကိုပါ မိမိတို့၏ အသိုင်းအဝိုင်းအတွင်းသို့ သယ်ဆောင်လာတတ်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် ကြုံတွေ့နေရသော ဤပြဿနာ ဆိုးကို ပြည်သူတစ်ရပ်လုံးက တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းတားဆီးကာကွယ်ကြရန် အရေးတကြီး လိုအပ်နေပြီဖြစ်ပါသည်။

**တရားမဝင် ဓာတ်အားခိုးယူသုံးစွဲရခြင်း(Electricity Theft)** ဆိုသည်မှာ သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန၏ တရားဝင်ခွင့်ပြုချက် သို့မဟုတ် စာရင်းသွင်းမီတာတပ်ဆင်ထားခြင်းမရှိဘဲ လျှပ်စစ်မီးလိုင်းများမှ တိုက်ရိုက်ချိတ်ဆက်ကာ ခိုးယူသုံးစွဲခြင်းကို ဆိုလိုပါသည်။ ထို့သို့ တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုမှာ လျှပ်စစ်မီတာတွင် တပ်ဆင်ထားသောလုံခြုံရေးဆီးလ်(Cover Seal / Terminal Seal) များကို ဖြတ်တောက်ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ မီတာကိုကျော်လွန်၍ တိုက်ရိုက်ချိတ်ဆက်သုံးစွဲခြင်း၊ မီတာအတွင်းControl Circuit-များတပ်ဆင်၍ မီတာနှေးအောင်ပြုလုပ်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဓာတ်အားလိုင်းများသို့ ချိတ်ဆက်သုံးစွဲခြင်း စသည့်လုပ်ရပ်များကို ဆိုလိုပါသည်။

ဓာတ်အားခိုးယူသုံးစွဲမှုများကြောင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေသည့်အပြင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုစနစ်အပေါ်လည်း အနှောင့်အယှက်ဖြစ်စေပါသည်။ တရားမဝင်သုံးစွဲမှုများကြောင့် နိုင်ငံတော်က ရသင့်ရထိုက်သော ဘဏ္ဍာငွေများ ဆုံးရှုံးရုံသာမက လျှပ်စစ်ဓာတ်အား ယူနစ်သန်းချီ လေလွင့်ဆုံးရှုံးရပါသည်။ ယင်းကြောင့် အမှန်တကယ်လိုအပ်နေသော အများပြည်သူထံ ဓာတ်အားအပြည့်အဝ မဖြန့်ဖြူးနိုင်တော့ဘဲ ဓာတ်အားမလုံလောက်မှုကို ပိုမိုဆိုးရွားစေပါသည်။ ဓာတ်အားခိုးယူသုံးစွဲသူများက မီတာခပေးဆောင်ရခြင်းမရှိသဖြင့် ဓာတ်အားကို အတိုင်းအဆမရှိ အလွန်အကျွံသုံးစွဲကြပါသည်။ ထိုသို့သုံးစွဲခြင်းကြောင့် ထရန်စဖော်မာများ ဝန်အားမနိုင်ဘဲ လောင်ကျွမ်းပျက်စီးခြင်း၊ လျှပ်စစ်ဗို့အားကျဆင်းခြင်းများနှင့် တစ်ရပ်ကွက်လုံး မီးပြတ်တောက်ခြင်းများကို ဖြစ်ပေါ်စေကာ တရားဝင်သုံးစွဲနေသော ပြည်သူများကိုပါ အနှောင့်အယှက်ဖြစ်စေပါသည်။ ထို့ပြင် မီးလောင်မှု၊ ဓာတ်လိုက်မှုစသည့် အသက်အန္တရာယ်များကိုလည်း ဖြစ်စေနိုင်ပါသည်။

တရားမဝင်လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲခြင်းသည် မိမိအသက်အန္တရာယ်ကို ထိခိုက်စေနိုင်ရုံသာမက ဥပဒေအရ ပြင်းထန်စွာအရေးယူခံရမည့် ရာဇဝတ်မှုတစ်ခုဖြစ်ပြီး သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ အရေးယူခံရနိုင်ပါသည်။ တရားမဝင်လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲခြင်းကြောင့် အောက်ပါအတိုင်း ပြင်းထန်စွာ အရေးယူခြင်းခံရနိုင်ပါသည်-




ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံသုံးနှင့် အိမ်သုံးမီတာများ တပ်ဆင်သုံးစွဲမှုအခြေအနေများအား လိုက်လံစစ်ဆေးနေစဉ်။

(၁) မီတာချက်ချင်း ဖြုတ်သိမ်းခြင်းနှင့် လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခြင်း၊

(၂) နစ်နာခဲ့သော လျှပ်စစ်ယူနစ်များအတွက် ဓာတ်အားခလျော်ကြေးနှင့် သတ်မှတ်ဒဏ်ကြေးသိန်းဂဏန်းမှ သန်းဂဏန်းအထိ ပေးဆောင်ရခြင်း၊

(၃) တည်ဆဲလျှပ်စစ် ဥပဒေပုဒ်မများဖြင့် ရဲစခန်းတွင် အမှုဖွင့်တရားစွဲဆိုခြင်းခံရပြီး ထောင်ဒဏ်ကျခံရနိုင်ခြင်း။

တရားမဝင် ဓာတ်အားခိုးယူသုံးစွဲရခြင်း၏ အကြောင်းရင်းများကို စိစစ်ကြည့်ရာတွင် အောက်ပါအချက်များကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်-

(၁) ယခင်က မီတာတပ်ဆင်ခြင်းဆိုင်ရာ သုံးစွဲခွင့်လျှောက်ထားရာတွင် မီတာတပ်ဆင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကောင်းစွာနားမလည်ကြခြင်း၊ သို့မဟုတ် တရားဝင်မီတာလျှောက်ထားရန် အချိန်ကြန့်ကြာမှုနှင့် လုပ်ထုံးလုပ်နည်းရှုပ်ထွေးသည်ဟုယူဆကာ လမ်းလွဲသုံးစွဲရန် ကြိုးပမ်းလာကြခြင်း၊

(၂) ဒေသအချို့တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စစ်ဆေးကြပ်မတ်မှုနှင့် ကွင်းဆင်းစစ်ဆေးမှု အားနည်းချက်များရှိနေခြင်းကြောင့် ဥပဒေကို အလေးမထားဘဲ လွယ်ကူသလို ခိုးယူသုံးစွဲရန် အခွင့်ကောင်းရှာလာကြခြင်း၊

(၃) လျှပ်စစ်မီးပုံမှန်မရရှိဘဲ မကြာခဏပြတ်တောက်နေခြင်း၊ ဓာတ်အားမလုံလောက်မှုများကြောင့် အချို့သောသုံးစွဲသူများသည် မိမိတို့လိုအပ်သလောက်ရရှိသုံးစွဲနိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် တရားမဝင်ဖြတ်တောက်လှည့်ပတ်သုံးစွဲကြခြင်း၊

(၄) အချို့သော ပြည်သူများနှင့် အလုပ်ရုံ၊ စက်မှုလုပ်ငန်းရှင်များက လျှပ်စစ်မီတာခနှင့် ကုန်ကျစရိတ်များကို တရားဝင်ပေးဆောင်လိုမှုမရှိခြင်း။

ရည်ရွယ်ချက်ရှိစွာဖြင့် မသမာမှုများပြုလုပ်၍ ဆောင်ရွက်နေသော **တရားမဝင်ဓာတ်အားခိုးယူသုံးစွဲခြင်းအား** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နည်းပညာဖြင့် တားဆီးနိုင်ရန်အတွက် လက်ရှိတွင် Smart Meter များ တပ်ဆင်ခြင်း၊ Advanced Metering Infrastructure (AMI) System များ တိုးချဲ့တည်ဆောက်ခြင်း၊ Supervisory Control And Data Acquisition (SCADA) နှင့် အလိုအလျောက် ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် စနစ်များ အဆင့်မြှင့်တင်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းလုံးအတွက် အပြည့်အဝ Digital Grid အဖြစ် ပြောင်းလဲနိုင်ရန် Communication Network များ၊ Data Concentrator Unit (DCU) များ၊ Meter Data Management System (MDMS) များနှင့် Control Center များကို အဆင့်ဆင့်တိုးချဲ့တည်ဆောက်သွားရန် စီမံနေပြီဖြစ်ပါသည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာလမ်းတစ်လျှောက်ဖြစ်ပေါ်တတ်သော နည်းပညာပိုင်းဆိုင်ရာဆုံးရှုံးမှုများ (Technical Losses) နှင့် ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းကဲ့သို့သော(Nontechnical Losses) လျှပ်စစ်ဆုံးရှုံးမှုများကို စမတ်ဂရစ်၏ SCADA ဟုခေါ်သော အဝေးမှ ကြည့်ရှုကွပ်ကဲနိုင်သည့် စနစ်နှင့်အလိုအလျောက် ထိန်းချုပ်ကွပ်ကဲမှုစနစ် (Grid Automation) တို့ဖြင့် ချက်ချင်းဖော်ထုတ်တားဆီးနိုင်မည်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများနှင့် ဓာတ်အားပျောက်ဆုံးမှုများကို လုပ်ငန်းစဉ်တစ်လျှောက် စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေတိုးတက်ရရှိလာသဖြင့် တိုးချဲ့တည်ဆောက်ရမည့် စီမံကိန်းလုပ်ငန်းသစ်များ ပိုမိုအားကောင်းလာစေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာ၌လည်း အထောက်အကူဖြစ်လာနိုင်မည်ဖြစ်ပါသည်။

- ❑ **ဓာတ်အားခိုးယူသုံးစွဲမှုများကြောင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေသည့်အပြင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုစနစ်အပေါ်လည်း အနှောင့်အယှက်ဖြစ်စေ**
- ❑ **ယင်းကြောင့် အမှန်တကယ်လိုအပ်နေသော အများပြည်သူထံ ဓာတ်အားအပြည့်အဝ မဖြန့်ဖြူးနိုင်တော့ဘဲ ဓာတ်အားမလုံလောက်မှုကို ပိုမိုဆိုးရွားစေ**
- ❑ **တရားမဝင်လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲခြင်းသည် မိမိအသက်အန္တရာယ်ကို ထိခိုက်စေနိုင်ရုံသာမက ဥပဒေအရ ပြင်းထန်စွာအရေးယူခံရမည့် ရာဇဝတ်မှုတစ်ခုဖြစ်ပြီး သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ အရေးယူခံရနိုင်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်း ပြည်ပခရီးစဉ်များတွင် ဓာတ်အားဖြန့်ဖြူးရေးစနစ် ပိုမိုတိုးတက်စေရန်နှင့် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်စေရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC “System Operator of the United Power System of Russia” အဖွဲ့၊ ထိုင်းနိုင်ငံ Electricity Generation Authority of Thailand (EGAT)၊ တရုတ်နိုင်ငံ China Southern Power Grid – Lanchang Mekhong International Co., Ltd. (CSG LMI) တို့ဖြင့် ဆွေးနွေးကာ ယင်းအဖွဲ့အစည်းများဖြင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၏စနစ်များ တိုးတက်ကောင်းမွန်လာပြီး ယခုလို လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများကို ဖော်ထုတ်နိုင်ရုံသာမက အနာဂတ်တွင် လုံးဝကင်းရှင်းပပျောက်သွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မီတာတပ်ဆင်ခြင်းဆိုင်ရာ သုံးစွဲခွင့်လျှောက်ထားရာတွင် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/ စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငှားရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် အချိန်နှင့်စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် Online မီတာလျှောက်ထားခြင်းစနစ်ကို အသုံးပြုဆောင်ရွက်ခဲ့ရာ ပြည်သူများအနေဖြင့် လျှောက်ထားရလွယ်ကူလာသည်နှင့်အမျှ တရားဝင်မီတာလျှောက်ထားသုံးစွဲလိုစိတ်မြင့်တက်လာပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ပိုမိုတိကျစွာ စီမံခန့်ခွဲနိုင်တော့မည်ဖြစ်၍ တရားမဝင်မီတာတပ်ဆင်ခြင်းနှင့် ဓာတ်အားခိုးယူသုံးစွဲမှုများ လျော့ပါးစေမည်ဖြစ်ပါသည်။

မိုးရာသီကာလများတွင် ရေဝင်ရောက်မှုကောင်းမွန်သောကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ အပြည့်အဝ ဓာတ်အားထုတ်လုပ်ပေးနိုင်သော်လည်း မဟာဓာတ်အားလိုင်းများ၏ ပို့လွှတ်နိုင်စွမ်း ကန့်သတ်ချက်များရှိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားအသုံးများသည့် နေ့အချိန်ပိုင်းတွင် အချိန်ပိုင်း လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် ပြည်သူများ နေ့ခင်းပိုင်းနှင့် ဓာတ်အားအမြင့်ဆုံးသုံးစွဲမှုအချိန်များတွင် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ပြီး AMI စနစ်ကိုအသုံးပြု၍ နေ့လယ်ပိုင်းဝန်အား သုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခလျှော့ချပေးကာ ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အားသုံးစွဲနိုင်မည့် အစီအမံ “**အချိန်ပေါ်မူတည်၍ ဓာတ်အားခနှုန်းထားကို အတက်အကျပြောင်းလဲကောက်ခံသော စနစ် (Time-of-Use Rate)** ” များဖြင့် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် စတင်စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း ဆက်လက်တိုးချဲ့ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ယင်းအချက်ကြောင့် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာနိုင်ပြီး ဓာတ်အားပြတ်တောက်မှုများ အထိုက်အလျောက်လျော့ပါးလာ၍ တရားမဝင်သုံးစွဲမှုများ ပပျောက်လာမည် ဖြစ်ပါသည်။

သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဒေသန္တရအာဏာပိုင်များ ပူးပေါင်းပါဝင်သော အထူးစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းကာ စက်မှု

*စာမျက်နှာ ၁၁ သို့*

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့်စီမံချက်များ(Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး




နေပြည်တော် စက်တင်ဘာ ၁၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် “မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects- QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ငါးစောင် လက်မှတ်ရေးထိုးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။**

အဆိုပါ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို ယနေ့တွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ ပထမအတွင်းဝန် Mr. Amit Shree-ansh နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲတွင် နားလည်မှုစာချွန်လွှာများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ပထမအတွင်းဝန် Mr. Amit Shreeansh တို့က လက်မှတ်ရေးထိုးကြပြီး မီဒီယာသင်ကြားရေးစင်တာ တည်ထောင်ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနကလည်းကောင်း၊ လျှပ်စစ်သင့် ကျေးလက်ဒေသများအတွက် နေရောင်ခြည်စွမ်းအင်သုံးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်းကောင်း၊ ဗဟိုသင်တန်းကျောင်းတွင် သင်ကြားရေးကိရိယာများအဖြစ် အသုံးပြုရန် ဆောက်လုပ်ရေးစက်ယန္တရား မောင်းနှင်လေ့ကျင့်ရေးစက်နှင့် အင်ဂျင်ပုံစံငယ်ဖြတ်ပိုင်း ဝယ်ယူခြင်းစီမံချက်နှင့် ဗဟိုသင်တန်းကျောင်းတွင် အသုံးပြုရန် ဆောက်လုပ်ရေး လုပ်ငန်းသုံးစက်ယန္တရားများအတွက် စနစ်လေ့ကျင့်သင်ကြားရေး သင်ထောက်ကူပစ္စည်း ဝယ်ယူခြင်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာများကို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းကောင်း၊ မာန်အောင်ရတနာဘုရားထိန်းသိမ်းခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကလည်းကောင်း လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

အဆိုပါ စီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၄၀၆၈ ရှိပြီး စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များပါဝင်သည့် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးပူးတွဲကော်မတီများ ဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ယခုလက်မှတ်ရေးထိုးသည့် QIP စီမံချက် ငါးခုအပြင် နောက်ထပ်စီမံချက် ငါးခုကိုလည်း အိန္ဒိယနိုင်ငံအစိုးရက အကူအညီပေးအပ်မည်ဖြစ်ရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်း QIP စီမံချက် ၁၀ ခုကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းရေးသားမှုစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး News and News Article Writing သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းရေးသားမှုစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် News and News Article Writing သင်တန်းကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်ခဲ့သည်။




အဆိုပါသင်တန်းကို မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ India Techni-cal and Economic Coopera-tion (ITEC) Programme အရ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သတင်းနှင့် သတင်းဆောင်းပါးရေးသားနည်း အတတ်ပညာများ၊ တန်ပြန်သတင်းရေးသားနည်း၊ သတင်းခွဲခြမ်းစိတ်ဖြာ သုံးသပ်နည်း၊ အွန်လိုင်းသတင်းရေးသားနည်းနှင့် သတင်းအကျဉ်းချုပ် ရေးသားနည်းများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချကာ ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ယခုသင်တန်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှ ရရှိလာသည့် ရလဒ်ကောင်းတစ်ခုဖြစ်ပြီး နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောင်မြင်သော မှတ်တိုင်တစ်ခု ဖြစ်ကြောင်း။

သတင်းသမားများ၏ ကျွမ်းကျင်မှု၊ တာဝန်ယူမှုနှင့် မီဒီယာကျင့်ဝတ်လိုက်နာမှုတို့သည် နိုင်ငံတော် အစိုးရ၏ မူဝါဒများနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ချက်များကို ပြည်သူများထံ တိကျမှန်ကန်စွာ အသိပေးနိုင်ရေးအတွက် အရေးပါလျက်ရှိကြောင်း၊ ထို့ကြောင့် သတင်းအချက်အလက်များကို မှန်ကန်စွာ စိစစ်အတည်ပြုနိုင်ခြင်း၊ သတင်းတန်ဖိုးခွဲခြမ်းသုံးသပ်နိုင်ခြင်း၊ တိကျမှန်ကန်၍ ယုံကြည်စိတ်ချရသော သတင်းများကို ဘက်မလိုက်ဘဲ မီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားတင်ပြနိုင်ခြင်းတို့ကို အစဉ်အမြဲ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများအတွက် အမှတ်တရလက်ဆောင်များပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

❖ *ကျောဖုံးမှ*

ဆောင်ရွက်နေချိန် ယနေ့နံနက် ၆ နာရီ ၂၈ မိနစ်တွင် ၂၃၀ ကေဗွီ သပြေဝ-တောင်တွင်းကြီး ဓာတ်အားလိုင်းသည် အပြစ်ဖြစ်ပေါ်ခဲ့ပြီး ဓာတ်အားလိုင်းကြီးအချို့ ဖျက်ဆီးခံထားရခြင်းကြောင့် ကျန်ရှိနေသည့် ဓာတ်အားလိုင်းများပေါ်တွင်သာ ဝန်ပိုစီးဆင်းမှု ထပ်ဆင့်ဖြစ်ပေါ်ရကာ ဆင့်ကဲဓာတ်အားပြတ်တောက်မှုဖြစ်စဉ်ကြောင့် နိုင်ငံတစ်ဝန်း ဓာတ်အားပြတ်တောက်မှု System Breakdown ဖြစ်ပေါ်ခဲ့ရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် အဆိုပါ ဓာတ်အားလိုင်းအပြစ်ကို ချက်ချင်းပြုပြင်ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့နံနက် ၈ နာရီ ၅၉ မိနစ်တွင် ဓာတ်အားစနစ် ပုံမှန်ပြန်လည်ပို့လွှတ်နိုင်ခဲ့သော်လည်း မွန်းလွဲ ၁ နာရီ ၂၇ မိနစ်တွင် ၂၃၀ ကေဗွီ နေပြည်တော်-တောင်တွင်းကြီး ဓာတ်အားလိုင်းတွင် အပြစ်ထပ်မံဖြစ်ပေါ်ခဲ့သဖြင့် System Breakdown ထပ်မံဖြစ်ပွားခဲ့သည်။

ပြင်ဆင်မှုများ ပြန်လည်ဆောင်ရွက်ပြီး ဓာတ်အားပြန်လည်ချိတ်ဆက်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၅၉ မိနစ်တွင် ဓာတ်အားစနစ် ပုံမှန်မောင်းနှင်ခဲ့ပါကြောင်းနှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကြားမှ ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်ကြောင့် ပြည်သူများအနေဖြင့် ကြုံတွေ့ခဲ့ရသည့် အဆင်မပြေမှုများအပေါ် သည်းခံနားလည်ပေးကြပါရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက စာနာစိတ်များဖြင့် ပန်ကြားလာကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

*စာမျက်နှာ ၁၀ မှ*

ဇုန်များ၊ အလုပ်ရုံများနှင့် လူစည်ကားရာ ရပ်ကွက်များတွင် ဖြန့်ဖြူးရေးလိုင်းများ၊ မီတာများကို စနစ်တကျနှင့် ပုံမှန်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ လျှပ်စစ်ဥပဒေများနှင့်အကျုံးဝင်သော ပြစ်ဒဏ်များကို တိကျလေးနက်စွာ ကျင့်သုံးဆောင်ရွက်ခြင်း၊ တရားမဝင်ဓာတ်အားခိုးယူသုံးစွဲသူများကို ခြွင်းချက်မရှိဘဲ တရားစွဲဆိုအရေးယူခြင်းနှင့် ဒဏ်ငွေရိုက်ခြင်းတို့ကို ဥပဒေနှင့်အညီ တင်းကျပ်စွာဆောင်ရွက်ခြင်း၊ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်ရှိ တရားမဝင် ဓာတ်အားခိုးယူသုံးစွဲမှုများကို လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်သည့် လွယ်ကူသော စနစ်များကို ဖန်တီးပေးခြင်းနှင့် တရားမဝင်လုပ်ဆောင်နေသူများကို အများပြည်သူသိရှိအောင် ဖော်ထုတ်အရေးယူခြင်း၊ လျှပ်စစ်ဝန်ထမ်းများအနေဖြင့် သုံးစွဲသူများနှင့် ပူးပေါင်းကာ တရားမဝင် လိုင်းဆွဲခွင့်ပြုခြင်း၊ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းများမရှိစေရန် ဌာနတွင်း စစ်ဆေးကြပ်မတ်ရေးကို တင်းကျပ်စွာ လုပ်ဆောင်ပြီး ပြစ်မှုကျူးလွန်သည့် ဝန်ထမ်းများကိုလည်း ဥပဒေအရ ထိရောက်စွာအရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အားကို တရားမဝင်ခိုးယူသုံးစွဲခြင်းသည် ခဏတာ အခမဲ့ရရှိသကဲ့သို့ ထင်ရသော်လည်း မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် မိသားစုအနာဂတ်ကို ဖျက်ဆီးပစ်နိုင်သည့် ရာဇဝတ်မှုတစ်ခုသာဖြစ်ပါသည်။ ထို့ပြင် မိမိတို့၏ တရားမဝင်ဓာတ်အားခိုးယူမှုကြောင့် ဓာတ်အားသုံးစွဲခွင့်ရရှိရန် စောင့်မျှော်နေကြသည့် ပြည်သူတို့၏ အခွင့်အရေးများ ဆုံးရှုံးနေမှုများအပေါ်တွင်လည်း ကိုယ်ချင်းစာစိတ်များ မွေးမြူကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရယူလိုမှုများအပေါ်တွင် ကိုယ်ချင်းစာစိတ်က အနိုင်ယူ၍ တရားမဝင် ဓာတ်အားရယူသုံးစွဲခြင်းများကို ရှောင်ကြဉ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# အိန္ဒိယ-မြန်မာ လေတပ်နှစ်ရပ်အကြား အရာရှိကြီးများအဆင့် အလုပ်သဘောခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး (Functional Level Visit) ခရီးစဉ်လာရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**

အိန္ဒိယ-မြန်မာလေတပ်နှစ်ရပ်အကြား အရာရှိကြီးများအဆင့် အလုပ်သဘောခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး (Functional Level Visit) လာရောက်သည့် အိန္ဒိယလေတပ်မှ အရှေ့ပိုင်းလေတပ်ဌာနချုပ်မှူး Air Marshal Inderpal Sing Walia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက်တွင် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်သို့ သွားရောက်လေ့လာခဲ့ပြီး လေတပ်စခန်းဌာနချုပ်မှူးက ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။



အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၉ ရက်တွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ဂါရဝပြုတွေ့ဆုံပြီး (**အပေါ်ပုံ**) နှစ်နိုင်ငံလေတပ် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကာ အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက် လေ့လာခဲ့ကြပြီး Park Royal Hotel ၌ တပ်မတော်(လေ)မှ တာဝန်ရှိသူများက အလုပ်သဘောနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

ခရီးစဉ်အတွင်း အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ နေပြည်တော် ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ဈေး၊ ဇဗားရှားဂူဗိမာန်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် Air Marshal Inderpal Sing Walia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တိုင်းရင်းသားရိုးရာအစားအသောက်များ ရောင်းချရန်၊ ဖျော်ဖြေမှုနှင့် အပန်းဖြေဥယျာဉ်အဆောက်အအုံများ တည်ဆောက်ရန်၊ အားကစားကွင်းများ တည်ဆောက်ရန်၊ Shopping Center များ၊ နားနေဆောင်များ တည်ဆောက်ရန်နှင့် သီးခြားဆောင်ရွက်လိုသော လုပ်ငန်းများအတွက် မြေ/အဆောက်အအုံများ ငှားရမ်းခြင်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း သင့်လျော်မည့်မြေနေရာကို ယနေ့နံနက်ပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညိုသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်စဉ်ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း စိတ်ဝင်စားမှုလျှောက်လွှာ ခေါ်ယူခြင်း (Expression of Interest – EOI) နှင့် စပ်လျဉ်း၍ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများက ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များ၊ ဝန်ထမ်းအပြောင်းအရွှေ့ဆိုင်ရာကိစ္စရပ်များ၊ ရာထူးတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးတင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်အဆင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဘားအံ စက်တင်ဘာ ၁၁**

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြည်နယ်အဆင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲအဖွဲ့ဝင်များ၊ သဘင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ကပြဖျော်ဖြေပေးသော နည်းပညာတက္ကသိုလ်ဒိုးအဖွဲ့၊ ပညာရေးဒီဂရီကောလိပ်အဖွဲ့တို့ကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့အတူ အခြေခံပညာအဆင့် အမျိုးသား/အမျိုးသမီး အကပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား/ အမျိုးသမီး အကပြိုင်ပွဲ၊ ဝါသနာရှင်ဒုတိယတန်း အမျိုးသား အက၊ အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ ဝါသနာရှင် ဒုတိယတန်းအဆင့် အမျိုးဂုဏ်/ဇာတိဂုဏ်၊ မဟာဂီတ၊ ခေတ်ဟောင်းတေး/ ကာလပေါ်တေးအဆိုပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ၊ ပြိုင်ပွဲဝင်မြို့နယ်များကို ဂုဏ်ပြုဆုများ ပေးအပ်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူများ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးဆောင်ရွက်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ပြည်နယ်အဆင့်မီ ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေး စေတနာထားပြီး ကဏ္ဍအလိုက် တက်ညီလက်ညီ အမျိုးသားရေး စိတ်ဓာတ်နှင့် အထူးအလေးအနက်ထား ပူးပေါင်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို လစ်ဟင်းမှုမရှိစေရေး အချင်းချင်းညှိနှိုင်းဆွေးနွေး၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖိုရမ်ကျင်းပရေးနှင့် စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်နေမှု၊ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကော်မတီ ၁၁ ခုက သက်ဆိုင်ရာ ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအမံများ ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

## နမ့်စန်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ်၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၁၉၃၃) ဧကရှိသော နယ်မြေကို **“နမ့်စန်ကြိုးပြင်ကာကွယ်တော”**အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄)ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁ ရက်) မှစ၍ သတ်မှတ်လိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒေသမျိုးရင်းရှားပါးသစ်ပင်များနှင့် တိရစ္ဆာန်များ၏ မူရင်းဒေသ တိုးပွားလာစေရန်၊ ဒေသခံများ၏ စိုက်ပျိုးရေးနှင့်သောက်သုံးရေအတွက် သဘာဝရေထွက်များ ရေရှည်တည်တံ့စေရန်နှင့် ရေဝေရေလဲဒေသများအား ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

နမ့်စန်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော တားမြစ်သစ်ပင်ဖြစ်သည့် ထင်းရှူးသစ်မျိုးများနှင့် သစ်နီ၊ သစ်ယား၊ သစ်အယ်၊ ညံသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သံလွင်မြစ်အတွင်းစီးဝင်သော နမ့်တိန်ချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ တောဝက်၊ လင်းတ၊ တောကြောင်၊ ဂျီ၊ ဒေါင်း၊ ရေကြက်၊ သာလိကာ၊ ကြက်တူရွေး စသည့်တိရစ္ဆာန်များ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုကောင်းမွန်မျှတလာနိုင်ခြင်းနှင့် သဘာဝရေထွက်စိမ့်စမ်းများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ပဲခူးမြို့၌ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) ဆုချီးမြှင့်ပွဲ ကျင်းပ



**ပဲခူး စက်တင်ဘာ ၁၁**

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် ခရိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ပြိုင်ပွဲဝင် ဘာသာရပ်အလိုက် ဆုရရှိသူများအား ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ပြိုင်ပွဲတွင် အနီးကပ်ကြီးကြပ်ပေးခဲ့ကြသည့် နည်းပြနှင့်ဒိုင်အဖွဲ့များအတွက် အမှတ်တရဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုပန်းခြင်းတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ချင်းပြည်နယ်အတွင်း သိပ္ပံကျောင်းများမှတစ်ဆင့် ကောလိပ်/တက္ကသိုလ်အဆင့်မြှင့်တင်ရေး၊ Polytechnic သိပ္ပံနှင့်တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**တီးတိန် စက်တင်ဘာ ၁၁**

ချင်းပြည်နယ်အတွင်း သိပ္ပံကျောင်းများမှ တစ်ဆင့် ကောလိပ်/တက္ကသိုလ် အဆင့်မြှင့်တင်ရေး၊ Polytechnic သိပ္ပံနှင့်တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယနေ့တွင် တီးတိန်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။



အဆိုပါတွေ့ဆုံပွဲတွင် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ပြည်နယ်အတွင်း သစ်တောဖုံးလွှမ်းမှုလျော့ကျခြင်းမှ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် သိုင်းငင်း – တီးတိန်လမ်းဆုံ သွားလာနိုင်သည့်အခြေအနေ၊ ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဖလမ်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုအိတ်ချိန်းရုံး အဆောက်အအုံပြုပြင်နေမှု၊ MPT ဆက်သွယ်ရေးလိုင်းများပြန်လည်တပ်ဆင်နေမှု၊ ကျန်းမာရေးဝန်ကြီးဌာန၊ သူနာပြုသင်တန်းကျောင်း၊ သူနာပြုသင်တန်းသူ နှစ်ထပ်အိပ်ဆောင်၊ နှစ်ထပ်စာသင်ဆောင်၊ ကျောင်းအုပ်ကြီးရုံးခန်း၊ ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ နှစ်ထပ်အိမ်ရာ နှစ်လုံး၊ ရှစ်ခန်းတွဲ နှစ်ထပ်သူနာပြုအိမ်ရာနှင့် လေးခန်းတွဲ နှစ်ထပ် ကျန်းမာရေးအရာရှိအိမ်ရာ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဲနှမြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထုးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။



အဆိုပါဝေနပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျှောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေနပန်းတာ တမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကျောင်းပြင်ပ မူလတန်းပညာရေးသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ကျောင်းပြင်ပ မူလတန်းပညာရေး၏ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁)၌ ကျင်းပရာ အခြေခံပညာမူလတန်းကျောင်းအမှတ်(၁)၊ အမှတ်(၁၅)၊ အမှတ်(၁၆)၊ အမှတ်(၄၇)၊ အောင်ဇေယျာမင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်စိုးလှိုင်နှင့် တာဝန်ရှိသူများက သင်ယူပြီးမြောက်ကြောင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**ဟန်နီ(ပြန်/ဆက်)**

**တောမဲ့မြေသား၊ ရေတိုက်စား၏။**

## ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေး ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀ ၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ကျမှု ဖြစ်ပွားခဲ့သည်။



ထိုသို့တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗီယက်နမ်နိုင်ငံသည် ပထမရှစ်လအတွင်း ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်ရရှိ



**ဟနွိုင်း စက်တင်ဘာ ၁၁**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်တန်ဖိုးရှိ ကော်ဖီတန်ချိန် ၁ ဒသမ ၇ သန်းနီးပါးတင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်းကို ကိုးကား၍ ပြည်တွင်းမီဒီယာ VnEconomy က စက်တင်ဘာ ၁၁ ရက်တွင် ဖော်ပြထားသည်။

ယင်းကာလအတွင်း ကော်ဖီတင်ပို့မှုပမာဏမှာ ယမန်နှစ်ကာလတူထက် ၁၀ ရာခိုင်နှုန်းကျော် မြင့်တက်လာသော်လည်း ပျမ်းမျှပို့ကုန်ဈေးနှုန်း ကျဆင်းလာခြင်းကြောင့် ပို့ကုန်တန်ဖိုးမှာ ၁၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ဗီယက်နမ် နိုင်ငံအတွက် ဂျာမနီ၊ အီတလီနှင့် ဂျပန်နိုင်ငံတို့သည် အကြီးဆုံးဈေးကွက်သုံးခုဖြစ်ပြီး ဂျာမနီနိုင်ငံက စုစုပေါင်းပို့ကုန်၏ ၁၃ ဒသမ ၂ ရာခိုင်နှုန်း၊ အီတလီနိုင်ငံက ၈ ဒသမ ၂ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံက ၇ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

နိုဝင်ဘာလအတွင်း စတင်မည့် သီးနှံသစ်ရိတ်သိမ်းမှုမှ ရရှိမည့် အခြေအနေများပေါ်၍ ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုပမာဏမှာ ၂၀၂၆ ခုနှစ်အတွင်း ၁၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည်ဟု အဆိုပါအသင်းက ခန့်မှန်းထားသည်။

ဆင်ဟွာ

# ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှု ၂၅ နှစ်ပြည့် အထိမ်းအမှတ်ကျင်းပ

**ဝါရှင်တန် စက်တင်ဘာ ၁၁**

အမေရိကန်နိုင်ငံ၌ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်မှာ ၂၅ နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် ပြည်သူများက အမှတ်တရအခမ်းအနားများ ပြုလုပ်ခဲ့ကြသည်။

တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သူများအား ဂုဏ်ပြုအောက်မေ့သည့် အောက်မေ့ဖွယ် အခမ်းအနားများကို စက်တင်ဘာ ၁၁ ရက်က တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် နေရာများဖြစ်သော နယူးယောက်နှင့် ဝါရှင်တန်အပါအဝင် နေရာအသီးသီး၌ ကျင်းပခဲ့သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ခရီးသည်တင်လေယာဉ်လေးစင်း ပြန်ပေးဆွဲခံခဲ့ရသည်။ ယင်းတို့အနက် လေယာဉ်နှစ်စင်းမှာ နယူးယောက်မြို့ရှိ World Trade Center အဆောက်အအုံနှစ်လုံးကို ဝင်တိုက်ပျက်ကျခဲ့ပြီး တစ်စင်းမှာ ဝါရှင်တန်မြို့အနီးရှိ Pentagon အဆောက်အအုံကို ဝင်တိုက်ခဲ့သည်။ ကျန်တစ်စင်းမှာ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ရှိ မြေပြင်တစ်နေရာသို့ ပျက်ကျခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သူ စုစုပေါင်း ၂၉၇၇ ဦးရှိခဲ့ပြီး ယင်းတို့အနက် ဂျပန်နိုင်ငံသား ၂၄ ဦး ပါဝင်သည်။ တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် အမေရိကန်ပြည်ထောင်စုသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် အာဖဂန်နစ္စတန်၊ အီရတ်နှင့် အခြားဒေသများတွင် စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တိုက်ခိုက်မှုများ၏ နောက်ကွယ်မှ အဓိကကြိုးကိုင်သူဟု သံသယရှိခံရသည့် အယ်လ်ကေးဒါးခေါင်းဆောင် အိုစမာဘင်လာဒင်ကို အမေရိကန်စစ်တပ်က စီးနင်းတိုက်ခိုက်မှုတစ်ခုအတွင်း ဖယ်ရှားခဲ့သည်။

ထိုအချိန်မှစ၍ အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်၏ ပါဝင်ပတ်သက်မှုမှာ တဖြည်းဖြည်းလျော့ကျလာခဲ့သည်။ သို့သော် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက လွန်ခဲ့သည့် ခြောက်လခန့်က အီရန်နိုင်ငံအပေါ် စစ်ဆင်ရေးများ စတင်ခဲ့သည်။

အင်န်အိတ်ချ်ကေ

# BRICS နိုင်ငံများအဖွဲ့ စီးပွားရေးဖိုရမ် ၂၀၂၆ ကျင်းပ

**နယူးဒေလီ စက်တင်ဘာ ၁၁**

BRICS နိုင်ငံများအဖွဲ့ စီးပွားရေးဖိုရမ်ကို စက်တင်ဘာ ၁၁ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့ပြီး ကုန်စည်ထောက်ပံ့ရေးကွင်းဆက်များ ပိုမိုခံနိုင်ရည်ရှိစေရေး၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် စိုက်ပျိုးရေးနည်းပညာဆန်းသစ်တီထွင်မှု၊ ဝန်ဆောင်မှုကဏ္ဍကုန်သွယ်ရေးနှင့် ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့ကြသည်။

ဆင်ဟွာ

# ဘော်နီယိုမြောက်ပိုင်း၌ လေထုအရည်အသွေး ဆက်လက်ဆိုးရွားနေ

**ကွာလာလမ်ပူ စက်တင်ဘာ ၁၁**

မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် ဘော်နီယိုကျွန်းမြောက်ပိုင်းတစ်ဝန်း၌ လေထုအရည်အသွေးမှာ စက်တင်ဘာ ၁၁ ရက်က ဆက်လက်ဆိုးရွားနေဆဲဖြစ်ပြီး နေရာအတော်များများတွင် ကျန်းမာရေးနှင့်မညီညွတ်သည့် လေထုညစ်ညမ်းမှုအခြေအနေများ တွေ့ရှိရသည်။

လေထုညစ်ညမ်းမှုအဆိုးရွားဆုံးနေရာမှာ ဆီရီအန်ဖြစ်ပြီး အဆိုပါဒေသတွင် လေထုအရည်အသွေးအညွှန်းကိန်း (API) မှာ ၂၀၂ ဖြစ်သည်။ ပြည်နယ်မြို့တော် ကူချင်အနီးရှိ ဆမာရာဟန်မြို့နယ်တွင်လည်း API မှာ ၁၈၁ ဖြစ်သည်ဟု လေထုအညွှန်းကိန်း စီမံခန့်ခွဲမှုစနစ်၏ အချက်အလက်များအရ သိရသည်။

အိမ်နီးချင်းပြည်နယ်ဖြစ်သည့် ဆာဘာ့တွင်လည်း လေထုအရည်အသွေးမှာ ဆိုးရွားနေပြီး ပြည်နယ်မြို့တော် ကိုတာကီနာဘာလူတွင် API မှာ ၁၄၉ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လာကင်ခရိုင်နှင့် ပါဆီဂူဒန်ခရိုင်တို့တွင် API မှာ ၁၁၁ နှင့် ၁၂၇ အသီးသီးရှိကြပြီး ကျန်းမာရေးနှင့်မညီညွတ်သည့် အခြေအနေအဖြစ် မှတ်တမ်းတင်ထားသည်။ မလေးရှားနိုင်ငံ၏ လေထုအရည်အသွေးအညွှန်းကိန်းအရ API သုညမှ ၅၀ အထိကို ကောင်းမွန်သည့်အခြေအနေ၊ API ၅၁ မှ ၁၀၀ အထိကို အလယ်အလတ်အဆင့်၊ API ၁၀၁ မှ ၂၀၀ အထိကို ကျန်းမာရေးနှင့် မညီညွတ်သည့်အခြေအနေ၊ API ၂၀၁ မှ ၃၀၀ အထိကို ကျန်းမာရေးနှင့်အလွန်မညီညွတ်သည့်အခြေအနေ၊ API ၃၀၁ နှင့် အထက်ကို အလွန်အန္တရာယ်ရှိသည့်အခြေအနေဟု သတ်မှတ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကွန်ဂိုအရှေ့ပိုင်း၌ မီးလောင်မှုကြောင့် မူလတန်းကျောင်းသား ကျောင်းသူ သေဆုံးသူ ၂၆ ဦးရှိလာ

**ကင်ရှာဆာ စက်တင်ဘာ ၁၁**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) အရှေ့ပိုင်း တောင်ကီဗူးပြည်နယ်၏ မြို့တော်ဘူကာဗူး၌ စက်တင်ဘာ ၁၀ ရက်က မီးလောင်မှုကြောင့် သေဆုံးသူ မူလတန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆ ဦးအထိ မြင့်တက်လာကြောင်း ဆေးရုံသတင်းအရင်းအမြစ်များကို ကိုးကား၍ ဒေသတွင်းမီဒီယာက ထုတ်ပြန်ထားသည်။

သေဆုံးသူများကို ဒေသတွင်းဆေးရုံများသို့ ပို့ဆောင်ထားပြီး မီးခိုးငွေ့ရှူရှိုက်မှုဒဏ်ခံစားရသည့် အခြားကျောင်းသား ကျောင်းသူများကို ဆေးရုံအသီးသီး၌ ဆေးကုသပေးလျက်ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

မီးလောင်မှုကြောင့် ဒဏ်ရာရရှိသူ ၂၉ ဦးရှိပြီး ၎င်းတို့အနက် ၂၃ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ မီးလောင်မှုကြောင့် နေအိမ်အလုံး ၈၀ ထက်မနည်း မီးလောင်သွားခဲ့သဖြင့် အိမ်ထောင်စု ၉၆ စု ထိခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ ရပ်ကွက်တာဝန်ရှိသူ မွိုက်လူဘာလာက ပြောကြားခဲ့သည်။ ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ လက်မထပ်ရသေးသည့်လူငယ်များအနက် အိမ်ထောင်ပြုရန်ရည်ရွယ်သူ ၈၀ ရာခိုင်နှုန်းအောက် ကျဆင်း

**တိုကျို စက်တင်ဘာ ၁၁**

ဂျပန်နိုင်ငံ၌ လက်မထပ်ရသေးသည့် လူငယ်များအနက် အနာဂတ်တွင် အိမ်ထောင်ပြုရန် ရည်ရွယ်ထားသူ ၈၀ ရာခိုင်နှုန်းအောက်သို့ ပထမဆုံးအကြိမ် ကျဆင်းသွားကြောင်း အစိုးရ၏ စစ်တမ်းတစ်ရပ်က ဖော်ပြသည်။

ဂျပန်နိုင်ငံ အမျိုးသားလူဦးရေနှင့် လူမှုဖူလုံရေးသုတေသနဌာနသည် ငါးနှစ်လျှင်တစ်ကြိမ် အမျိုးသား မျိုးဆက်ပွားနှုန်းစစ်တမ်းကို ပြုလုပ်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ပြုလုပ်ခဲ့သည့် စစ်တမ်းတွင် အိမ်ထောင်မရှိသူများနှင့် အိမ်ထောင်သည်စုံတွဲများ စုစုပေါင်း ၁၁၀၀၀ ကျော် ပါဝင်ဖြေဆိုခဲ့ကြသည်။



အမျိုးသားများအနက် ၄၂ ဒသမ ၈ ရာခိုင်နှုန်းက အိမ်ထောင်ပြုခြင်းတွင် မည်သည့်အကျိုးကျေးဇူးမျှ မတွေ့မြင်ကြောင်း ဖြေဆိုခဲ့ကြသည်။ ယင်းရာခိုင်နှုန်းမှာ ယခင်စစ်တမ်း၏ ၃၅ ဒသမ ၃ ရာခိုင်နှုန်းထက် မြင့်တက်လာခြင်းဖြစ်သည်။ အမျိုးသမီးများအနက် အိမ်ထောင်ပြုခြင်းတွင် အကျိုးကျေးဇူးမရှိဟု ဖြေဆိုသူရာခိုင်နှုန်းမှာလည်း ယခင်စစ်တမ်း ၂၈ ဒသမ ၃ ရာခိုင်နှုန်းမှ ယခုစစ်တမ်းတွင် ၃၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

ထို့ပြင် အသက် ၁၈ နှစ်မှ ၃၄ နှစ်အတွင်း အိမ်ထောင်မပြုရသေးသူများအနက် အမျိုးသား ၇၅ ဒသမ ၁ ရာခိုင်နှုန်းက အနာဂတ်တွင် တစ်ချိန်ချိန်၌ အိမ်ထောင်ပြုရန် ရည်ရွယ်ထားကြောင်း ဖြေဆိုခဲ့ကြသည်။ ယင်းရာခိုင်နှုန်းမှာ ယခင်စစ်တမ်း၏ ၈၁ ဒသမ ၄ ရာခိုင်နှုန်းထက် ကျဆင်းလာခြင်းဖြစ်သည်။

အမျိုးသမီးများအနက် အနာဂတ်တွင် အိမ်ထောင်ပြုရန် ရည်ရွယ်ထားသူ ရာခိုင်နှုန်းသည်လည်း ယခင်စစ်တမ်း၏ ၈၄ ဒသမ ၃ ရာခိုင်နှုန်းမှ ၇၇ ဒသမ ၈ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။

အင်န်အိတ်ချ်ကေ

# ယီမင်နိုင်ငံ၌ နေရပ်စွန့်ခွာသူအရေအတွက်မှာ စိုးရိမ်ဖွယ်မြင့်တက်

**ဂျီနီဗာ စက်တင်ဘာ ၁၁**

ယီမင်နိုင်ငံ၌ လွန်ခဲ့သည့်သီတင်းပတ်အတွင်း တိုက်ပွဲများ အရှိန်မြင့်တက်လာသည့်အချိန်မှ စတင်ကာ နေရပ်စွန့်ခွာထွက်ပြေးရသူဦးရေမှာ ၄၆၀၀၀ ခန့်ရှိပြီး အဆိုပါအရေအတွက်သည် အချိန်နှင့်အမျှ စိုးရိမ်ဖွယ်မြင့်တက်လာခြင်းဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းက စက်တင်ဘာ ၁၁ရက်တွင် ပြောသည်။

တိုက်ပွဲများ ပျံ့နှံ့လာသည့်အတွက် အသက်ကယ်အထောက်အပံ့ပစ္စည်းများ ပြည်သူများထံ ရောက်ရှိမှုမှာ ပို၍ခက်ခဲလာကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်း ညွှန်ကြားရေးမှူးချုပ် အေမီပုပ်က ပြောသည်။

ဘေးကင်းပြီး အတားအဆီးမရှိ ဝင်ရောက်ကူညီခွင့်မှာ အရေးပေါ်လိုအပ်နေလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ခွင့်အတွက် လုံခြုံရေးအာမခံပေးရန် ပဋိပက္ခဖြစ်ပွားနေသည့်အဖွဲ့အစည်းများကို ၎င်းက တောင်းဆိုခဲ့သည်။

ဆင်ဟွာ

# ဘန်ဒါပင်လယ်ကို ဗဟိုပြု၍ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်

**ဟောင်ကောင် စက်တင်ဘာ ၁၁**

ဘန်ဒါပင်လယ်၌ စက်တင်ဘာ ၁၁ ရက်တွင် ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ကမ္ဘာမြေသိပ္ပံဆိုင်ရာ ဂျာမန်သုတေသနစင်တာ (GFZ) က ပြောကြားသည်။ ငလျင်ဗဟိုချက်မှာ မြေအောက်အနက် ၁၀၁ ဒသမ ၀ ကီလိုမီတာတွင်ရှိပြီး တောင်လတ္တီကျူ ၇ ဒသမ ၄၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၂၈ ဒသမ ၉၄ ဒီဂရီတွင် ရှိကြောင်း ကနဦးသတ်မှတ်ထားသည်။

ဆင်ဟွာ

# လီဆူတိုင်းရင်းသားမျိုးနွယ်စု အမည်မှန် သတ်မှတ်နိုင်ရေး ဆွေးနွေး




**မြစ်ကြီးနား စက်တင်ဘာ ၁၁**

လီဆူတိုင်းရင်းသားမျိုးနွယ်စု အမည်မှန် သတ်မှတ်နိုင်ရေး၊ နည်းလမ်းတကျဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးမှုကို မထိခိုက်စေဘဲ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုသတ်မှတ်ပေးနိုင်ရေး တင်ပြဆောင်ရွက်နိုင်ရန် လိုအပ်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်အမှန် သတ်မှတ်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ လီဆူရိုးရာယဉ်ကျေးမှုကွင်းအတွင်းရှိခန်းမ၌ မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်များမှဥက္ကဋ္ဌများ၊ လီဆူတိုင်းရင်းသားများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်အလိုက် လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌများ၊ ဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် နာယကတို့က "လီဆူး" ဟု ခေါ်ဝေါ်အသုံးပြုနေသည့် အမည်အစား အမည်မှန်ဖြစ်သည့် "လီဆူ" ဟု သတ်မှတ်ပေးနိုင်ရေး ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးကာ ဗဟိုကော်မတီအတွက် ငွေကျပ်သိန်း ၂၀ ပေးအပ်သည်။

ထို့ပြင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်းရှိတည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

ယမန်နေ့ကလည်း မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါဆုချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဘာသာရပ်အလိုက် ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆုတံဆိပ်များ၊ အကဲဖြတ်ဒိုင်အဖွဲ့၊ မှတ်တမ်းတင်ရုံးအဖွဲ့နှင့် အခမ်းအနားမှူးများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များအား အောင်နိုင်ရေး အလံနှင့် ပံ့ပိုးငွေများ ပေးအပ်ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဗဟိုအဆင့်ပြိုင်ပွဲသို့ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အောင်နိုင်ရေးအလံကို ပြည်နယ်အဆင့်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌလူမှုရေးဝန်ကြီးထံလည်းကောင်း၊ ကချင်ပြည်နယ်ကိုယ်စားပြုအဖွဲ့ အုပ်ချုပ်သူ၊ ပြိုင်ပွဲဝင်များနှင့် နည်းပြများထံ ချီးမြှင့်ငွေကျပ်သိန်း ၁၂၀ ကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘောနီအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးရဲအုပ်ဇော်မင်းနှင့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၀ ရက်က ဒိုက်ဦးမြို့နယ် ဘောနီကျေးရွာ ကြပ်ကြီးတောင်တောရကျောင်းတိုက်၌ ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်စဉ်။

စိုးထက်ကျော်(ပြန်/ဆက်)




တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၇ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကျင်းပရာ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ ခန့်ကို ရှာဖွေကယ်ဆယ်ရေး၊ မီးငြိမ်းသတ်နည်း၊ စစ်ရေးပြဆိုင်ရာ ဘာသာရပ်များ သင်ကြားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဂုဏ်ပြု "တောစီးဖိနပ်လေးရဲ့ အိမ်ပြန်ချိန်" ဇာတ်လမ်းအား ထုတ်လွှင့်သွားမည်

ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီးသည့် လူငယ်တစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ပြီးနောက် ကိုယ်ခန္ဓာနှင့်စိတ်ဓာတ်ကြံ့ခိုင်မှုအပြည့်ဖြင့် ပြောင်းလဲတိုးတက်လာပုံများ၊ တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံတော်နှင့်တပ်မတော်အပေါ် အမိန့်နာခံတတ်မှုနှင့် သစ္စာစောင့်သိမှု၊ ရဲဘော်အချင်းချင်းထားရှိသည့် စွန့်လွှတ်အနစ်နာခံမှုများကို ဖော်ကျူးရိုက်ကူးထားသည့် ပြည်သူ့စစ်မှုထမ်းဂုဏ်ပြု **"တောစီးဖိနပ်လေးရဲ့ အိမ်ပြန်ချိန်"** ဇာတ်လမ်းအား ၁၂-၉-၂၀၂၆ ရက် (ယနေ့)တွင် အောက်ဖော်ပြပါ ရုပ်မြင်သံကြားလိုင်းများမှ ယှဉ်တွဲပါအချိန်များအတိုင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည် - **မြဝတီ**

| စဉ် | Channel အမည် | ထုတ်လွှင့်မည့်အချိန် |
|---|---|---|
| ၁ | MWD HD | ၁၉:၀၀ နာရီ၊ ၂၀:၀၀ နာရီ သတင်းအပြီး |
| ၂ | MWD Variety HD | ၁၉:၀၀ နာရီ၊ ၂၀:၀၀ နာရီ သတင်းအပြီး |
| ၃ | MRTV HD | ၁၉:၀၀ နာရီမှ ၂၀:၀၀ နာရီကြား၊ ၂၀:၀၀ နာရီ သတင်းအပြီး |
| ၄ | MRTV-Entertainment | ၁၉:၀၀ နာရီ |
| ၅ | Channel 7 | ၁၉:၀၀ နာရီ |
| ၆ | Up to Date | ၁၉:၀၀ နာရီ |
| ၇ | YTV | ၁၉:၀၀ နာရီ |
| ၈ | Shwe Nadi Shwe Yi | ၁၉:၀၀ နာရီ |
| ၉ | Readers | ၁၉:၀၀ နာရီ |
| ၁၀ | Channel K | ၁၉:၂၄ နာရီ |
| ၁၁ | Channel 24 | ၁၉:၃၆ နာရီ |
| ၁၂ | Fortune | ၂၀:၀၀ နာရီ |
| ၁၃ | M Channel | ၂၀:၀၀ နာရီ |
| ၁၄ | Uni TV | ၂၀:၁၅ နာရီ |
| ၁၅ | MRTV-4 | ၂၁:၀၀ နာရီ |
| ၁၆ | မဟာရုပ်သံလိုင်း | ၂၂:၃၀ နာရီ |
| ၁၇ | Hey Play Sports | ဘောလုံးပွဲ Live အပြီး |



❑ *ကျော်ဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲ အမျိုးသား (+၆၃၊ -၆၀၊ -၇၃) ကီလိုတန်းနှင့် အမျိုးသမီး(-၇၃၊ -၆၃၊ +၇၃) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ကယားပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အမျိုးသား(+၆၃၊ -၆၀၊ -၇၃)၊ အမျိုးသမီး (-၇၃၊ - ၆၃၊ +၇၃) ကီလိုတန်းပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ကယားပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ကရင်ပြည်နယ်အသင်းကလည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ရှမ်းပြည်နယ်အသင်းက လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အိချစ်ဆုစံ၊ အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဝေလင်းထွေး၊ အမျိုးသမီးတစ်ဦးချင်း (-၄၂) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အိချစ်ဆုစံ(ရန်ကုန်)၊ ဒုတိယဆုရရှိသည့် ကြည်လဲ့လဲ့ထွန်း(ရှမ်း)၊ တတိယဆုရရှိသည့် ယွန်းနဒီစံ(ဧရာဝတီ)နှင့် ပူးတွဲတတိယဆုရရှိသည့် ခေါင်နန်း(ကချင်)၊ အမျိုးသမီးတစ်ဦးချင်း (-၅၂)ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နှင်းဝတ်မှုံလွင်(ဧရာဝတီ)၊ ဒုတိယဆုရရှိသည့် မေဇင်ဖြိုး(ကချင်)၊ တတိယဆုရရှိသည့် နန်းစန္ဒာဦး(ကရင်)နှင့် ပူးတွဲတတိယဆုရရှိသည့် ခင်သူဇာအောင်(ရှမ်း)၊ အမျိုးသားတစ်ဦးချင်း (-၄၂) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဝေယံလင်း(ရန်ကုန်)၊ ဒုတိယဆုရရှိသည့် မင်းသန့်ကျော်(ကရင်)၊ တတိယဆုရရှိသည့် ဟိန်းထက်အောင်(နေပြည်တော်)နှင့် ပူးတွဲတတိယဆုရရှိသည့် ဆင်မြူရယ် နော်ဇက်အောင်(ကချင်) တို့ကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက Trophy ၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားတစ်ဦးချင်း (-၅၀) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ခိုင်ခန့်(ရန်ကုန်)၊ ဒုတိယဆုရရှိသည့် စောလင်းလက်ကြယ်စင်(ကရင်)၊ တတိယဆုရရှိသည့် အောင်ရဲထွေး(မန္တလေး)နှင့် ပူးတွဲတတိယဆုရရှိသည့် ဂျူနီယာခေါင်လွမ်း(ကချင်)တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးက



တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ (အမျိုးသား/အမျိုးသမီး) အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်း၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ စုစုပေါင်း ဆုတံဆိပ် ရှစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက် ဆုဖလားရရှိသည့် ကချင်ပြည်နယ် အမျိုးသမီးအသင်းတို့အား အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားနှင့် ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးကို အထောက်အကူဖြစ်စေရေး၊ မျိုးဆက်သစ် လူငယ်ဂျူဒိုအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့ဂျူဒိုအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးတို့အတွက်ရည်ရွယ်၍ အဆိုပါ ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ(C)၌ ပြိုင်ပွဲကာလ လေးရက်ကြာ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း၊ ပြိုင်ပွဲဝင်အင်အား စုစုပေါင်း ၂၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချောက်မြို့နယ်၌ အရန်သားဖွား ဆရာမများအား ခြောက်လ သင်တန်းဖွင့်

**ချောက် စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ အရန်သားဖွား ဆရာမများအား ခြောက်လသင်တန်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ဖွင့်လှစ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဌာနမှူး ဒေါက်တာမျိုးသက်ဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမကြီးတို့က မိခင်နှင့် ကလေးအရန်သားဖွားဆရာမများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အရန်သားဖွားဆရာမများအား သားဖွားခြင်း အတတ်ပညာကျွမ်းကျင်စေရန် ဆောင်ရွက်ရမည့်လုပ်ငန်းအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ဖွင့်ပွဲသို့ မြို့နယ်မိခင်နှင့်



ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းတွင်နည်းပြဆရာ ၁၀ ဦးတို့ကစာတွေ့ သုံးလ၊ လက်တွေ့ သုံးလသင်ကြားပို့ချမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ သင်တန်းသူ ၂၆ ဦးဖြင့် ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❍ *ကျော်ဖုံးမှ*

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရှမ်းယူနိုက်တက်နှင့် FALCON FC အသင်း ပွဲစဉ်တွင် တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ FALCON FC အသင်းအတွက် ဦးဆောင်ဂိုးများကို စိုင်းမြတ်မင်းက ပွဲချိန် ၄၅ မိနစ်နှင့် မိနစ် ၅၀ တို့တွင် သွင်းယူခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ပွဲချိန် ၆၅ မိနစ်တွင် ကောင်းထက်နှင့် ၈၇ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူပေးခဲ့သည်။ အဆိုပါနှစ်သင်းသည် ပထမအကျော့ တွေ့ဆုံမှုတွင် တစ်ဖက်တစ်ဂိုးစီ သရေကျထားခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် သစ္စာအားမာန်နှင့် ဟံသာဝတီယူနိုက်တက်တို့၏ ပွဲစဉ်တွင် ပွဲချိန်ပြည့်သည်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဂိုးမရှိသရေရလဒ်ဖြင့်သာ အမှတ်ခွဲယူခဲ့ကြသည်။ အဆိုပါပွဲစဉ်မှာ ပထမအကျော့အပြီး အဆင့်(၄)နေရာ၌ ရပ်တည်ထားသည့် သစ္စာအားမာန်အသင်းနှင့် ကစားသမားသစ် ကိုးဦးအထိ ခေါ်ယူအားဖြည့်ထားသည့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး ပထမအကျော့ တွေ့ဆုံမှုတွင် သစ္စာအားမာန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

ပွဲစဉ်(၁၄) တတိယနေ့ ပွဲစဉ်များကို စက်တင်ဘာ ၁၂ ရက်တွင် ဗဟန်းကွင်း၌ အား/ကာသိပ္ပံ(ISPE) နှင့် ဧရာဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ချင်းလန်းအသင်းနှင့် မြဝတီအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MNL**

✳ *ကျော်ဖုံးမှ*

ဝိတ်တန်းအလိုက် ပွဲစဉ်များတွင် ၅၀ ဒသမ ၈ ကီလိုတန်းတွင် နော်ရိန်းအောင် (MBC Boxing Club) နှင့် ဖြိုးသူအောင် (Yangyiaung Club)၊ ဉာဏ်လင်းထက် (MBC Boxing Club) နှင့် ဝေယံထွန်း (Mandalay Club) တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

ဆက်လက်၍ ၅၇ ကီလိုတန်းတွင် မျိုးမြတ် (Mong Hsu Highlands) နှင့် ဝေယံဦး (Vanguard Lethwei Club)၊ ယုဒ (Python, TawwinAyeyar Club) နှင့် စောလင်းအောင် (Mawgyun Club) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် ၅၉ ကီလိုတန်းတွင် သီဟအောင်(MBC Boxing Club) နှင့် ဘောက်ဆာရှိုင်း (Python, TawwinAyeyar Club) တို့ ရင်ဆိုင်ကြမည်ဖြစ်ပြီး ၆၁ ဒသမ ၂ ကီလိုတန်းတွင် အောင်ဇေမြတ် (Boxing Family Club) နှင့် ထွန်းထွန်းထက် (MBC Boxing Club) တို့ အပြိုင်အဆိုင် ထိုးသတ်ကြမည်ဖြစ်သည်။

ယခု PBM-11 ပြိုင်ပွဲသည် ကလပ်အသီးသီးမှ ထက်မြက်သည့် လက်ဝှေ့သမားများ၏ ကြိုးဝိုင်းအတွင်း စွမ်းရည်များကို အကြိတ်အနယ် တွေ့မြင်ရမည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ - MBC**

❂ *ကျော်ဖုံးမှ*

ယခုပြိုင်ပွဲကို Premier Division နှင့် Challenge Division ဟု ခွဲခြားကျင်းပမည်ဖြစ်ပြီး Premier Division ပွဲစဉ်များကို အင်ဒိုနီးရှားနိုင်ငံ၌လည်းကောင်း၊ Challenge Division ပွဲစဉ်များကို ဟောင်ကောင်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

Premier Division ၏ အုပ်စု (A)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (B)တွင် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ပါကစ္စတန်တို့ ပါဝင်ကြသည်။ ဟောင်ကောင်၌ကျင်းပမည့် Challenge Division တွင် အုပ်စု (A)၌ ဟောင်ကောင်၊ လာအို၊ ဘရူနိုင်းနှင့် အုပ်စု (B) ၌ မြန်မာ၊ ကမ္ဘောဒီးယား၊ တီမောလက်စ်တေတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲစဉ်အဖြစ် စက်တင်ဘာ ၂၄ ရက်တွင် တီမောလက်စ်တေအသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒုတိယပွဲစဉ်အဖြစ် စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် Group-A မှ အုပ်စုပထမရရှိသော အသင်းနှင့် Group-B မှ အုပ်စုပထမရရှိသော အသင်းတို့သည် အောက်တိုဘာ ၃ ရက်တွင် ဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

❊ *ကျော်ဖုံးမှ*

ယင်းနိုင်ပွဲရလဒ်မှာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ဂိုးအပြတ်ဆုံးနိုင်ပွဲရလဒ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ မန်ယူအသင်းသည် ပွဲအစပိုင်းကတည်းက ဆာဘာအသင်းကို ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူကာ ကွင်းလယ်နှင့် တောင်ပံတိုက်စစ်များကို အားပြုပြီး ဖိအားပေးကစားနိုင်ခဲ့သည်။

တိုင်လေမန်းစ်နှင့် ဖာနန်ဒက်စ်တို့၏ တွဲဖက်ကစားပုံမှာလည်း ထိရောက်မှုရှိခဲ့ပြီး တိုက်စစ်လမ်းကြောင်းများကို ပံ့ပိုးပေးနိုင်ခဲ့သည်။ ပြိုင်ဘက်ဆာဘာအသင်း၏ တန်ပြန်တိုက်စစ်ဆင်မှုများက မန်ယူအသင်းကို အခက်တွေ့အောင်သာ ကစားနိုင်ခဲ့ပြီး သွင်းဂိုးရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ကွန်ညာ၊ ဖာနန်ဒက်စ်၊ ရှက်ကိုနှင့် မာတီနက်ဇ်တို့က သွင်းယူပေးခဲ့သည်။ အခြားပွဲစဉ်ရလဒ်များတွင် ဘိုင်ယန်မြူးနစ်က ဘိုဒိုဂလင့်ကို ငါးဂိုး-ဂိုးမရှိ၊ ကိုမိုက လိုက်ပ်ဇစ်ကို လေးဂိုး-တစ်ဂိုး၊ လန်းစ်က စလာဗီယာကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲ အသီးသီးရရှိခဲ့သည်။

**အောင်ဇော်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၈၀ ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ငါးသယ်လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၀ ရက် နံနက် ၆ နာရီ မိနစ်၂၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ အရှေ့တောင်ဘက်မိုင် ၈၀ ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း တိုးတိုးလွင် (၉၉) အမည်ရှိ ငါးသယ်လှေတစ်စင်း ရေဝင်နစ်မြုပ်နေကြောင်း သတင်းရရှိသဖြင့် ပင်လယ်ပြင်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စင်းနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ ရေယာဉ်တစ်စင်းတို့သည် အနီးအနားရှိ ဒေသခံငါးဖမ်းလှေများနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အဆိုပါ ငါးသယ်လှေပေါ်၌ လိုက်ပါလာသူများအနက် ၁၁ ဦးတို့ကို ရေယာဉ်ပေါ်သို့ ကူညီကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။



မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အဆိုပါ ရေဝင်နစ်မြုပ်ခဲ့သည့် လှေပေါ်မှ ကူညီကယ်ဆယ်ထားရှိသူများအား သက်ဆိုင်ရာသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်း ပို့ဆောင်နိုင်ရေး တာဝန်ရှိသူများက လိုအပ်သည့် စိစစ်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်စွာ စနစ်တကျ စောင့်ရှောက်ထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အိမ်မဲမြို့၌ မိုးစပါးစိုက်တောင်သူများထံ ဓာတ်မြေသြဇာများ ဖြန့်ဖြူးပေးအပ်

**အိမ်မဲ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဓာတ်မြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးကော်မတီက ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံပေါ်ပေးစနစ်ဖြင့် ဝယ်ယူသည့် တောင်သူများထံသို့ ဓာတ်မြေသြဇာများ ဖြန့်ဖြူးပေးအပ်ခဲ့ရာ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်မြေသြဇာများကို အိမ်မဲမြို့နယ်အတွင်းရှိ ကျေးရွာ ၂၇ ရွာမှ တောင်သူ ၁၄၅ ဦး၏ စိုက်ပျိုးမြေဧက ၁၀၀၀ အတွက် သြဂုတ် ၂၂ ရက်က စတင်ဖြန့်ဖြူးပေးကာ ယူရီးယားဓာတ်မြေသြဇာ အိတ်၁၀၀၀ နှင့် ကွန်ပေါင်းဓာတ်မြေသြဇာအိတ် ၅၀၀ စုစုပေါင်း ဓာတ်မြေသြဇာ အိတ် ၁၅၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရွှေသွေးဂျာနယ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁၂-၉-၂၀၂၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၃၇) တွင်** သူငယ်ချင်းကိုစိတ်ရင်းဖြင့် ကူညီတတ်သူ ပုပုနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းကောင်းများ အကြောင်း သရုပ်ဖော်ထားသည့် "ပုပု ပါဝင်သည့် အတွင်းစိတ်" မျက်နှာဖုံးကာတွန်း၊ ခေတ်အဆက်ဆက် တိုးတက်လာသည့် အချိန်တိုင်းတာနည်းများ အကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် ရွှေသွေးတို့လက်ရာကဏ္ဍ၊ လေးခွပစ်ရာတွင် လက်တည့်ကြောင်း သူငယ်ချင်းများကို ပြချင်သော ပါဂျဲနှင့် သူ၏ သူငယ်ချင်းများအကြောင်း သရုပ်ဖော်ထားသည့် "ရာဇာ၊ ပါဂျဲ၊ ပုကွနှင့် စိမ်းလဲ့ ပါဝင်သော လက်တည့်လွန်းလို့" နှစ်မျက်နှာကာတွန်း၊ ကျေးဇူးရှင်ကို ကျေးဇူးကန်းမိရာက နူနာရောဂါဖြင့် ဘဝကို အဆုံးသတ်သွားရသော မုဆိုးတစ်ယောက်အကြောင်း ရေးသားထားသည့် "ရွှေရောင်အဆင်းရှိတဲ့ မျောက်မင်းနဲ့ အမှောင်ဖုံးတဲ့ စိတ်နှလုံး" ပုံပြင်ကဏ္ဍ၊ အဘွားဖြစ်သူထံမှ ထဘီလေး တောင်းယူသည့် ဟန်သီမအကြောင်း သရုပ်ဖော်ထားသည့် "ဟန်သီမ" တစ်မျက်နှာ ဟာသကာတွန်း၊ ငယ်ရွယ်စဉ် ပညာသင်ချိန်ကစ၍ ကြိုးကြိုးစားစားဖြင့် ပညာသင်ကြားပါက တစ်နေ့တွင် အောင်မြင်မှုရရှိမည်မှာ သေချာကြောင်း ရေးစပ်ထားသည့် ဆရာမ ရွှေမြိုင်ပြုံးလဲ့မော်၏




"သာသူ" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်သည်။

ရွှေသွေး ဂျာနယ်အတွဲ (၅၈) အမှတ် (၃၇) ကို တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

သတင်းစဉ်

## စလင်းမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေး ပြည်သူ့စကားဝိုင်းကျင်းပ

**စလင်း စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၇ ရက်က မှုခင်းကျဆင်းရေး အသိပညာပေး ပြည်သူ့စကားဝိုင်းကျင်းပရာ ဦးဆောင်ဆွေးနွေးသူများအဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်၊ မြို့နယ်စီမံ ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဥပဒေအရာရှိတို့က လက်ရှိဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၏ မေးခွန်းရှစ်ခုကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။

မောင်လွင်(စလင်း)



## တံတားဦးမြို့နယ် စကားအင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**တံတားဦး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးတံတားဦးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက်က စကားအင်းကျေးရွာ ဓမ္မသာလ ဓမ္မာရုံ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းတင့်လှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတိုက်ကြည်ဦးဆောင်၍ သက်ဆိုင်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းကဏ္ဍ ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသည့် ပြည်သူများက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမေးမြန်းတင်ပြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ကြောင်းသိရသည်။

ရဲတင့်(ပြန်/ဆက်)

## ပြည်မြို့နယ်အတွင်း ကျေးလက်လမ်းတံတားများ တည်ဆောက်

**ပြည် စက်တင်ဘာ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပြည်မြို့နယ်အတွင်းရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းတံတားဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်မြို့နယ် တီတွဒ်-သောကြမ္မာလမ်း ကွန်ကရစ်ခင်းခြင်း၊ တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှောကုန်း-ပေါင်းတမော့လမ်းပေါ်ရှိ ကွန်ကရစ်တံတား (ချဉ်းကပ်လမ်းအပါ) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး အရည်အသွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



## မင်္ဂလာဒုံမြို့နယ်၌ အခြေခံမွေးမြူရေးသင်တန်း(နို့စားနွား) သင်တန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပျဉ်းမပင်ကျေးရွာ မင်္ဂလာဒုံမြို့နယ် ဦးစီးမှူးရုံး(ယာယီ)၌ စက်တင်ဘာ ၈ ရက်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အခြေခံမွေးမြူရေး သင်တန်း(နို့စားနွား) သင်တန်းဖွင့်လှစ်သည်။

သင်တန်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာနေခြည်နွေးက နို့စားနွားမွေးမြူခြင်းကို စနစ်တကျ မွေးမြူ



ခြင်းနည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း နည်းလမ်းများ၊ မွေးမြူရေးခြံဇီဝလုံခြုံမှု၊ ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနည်းလမ်းများ၊ နို့စားနွားများအတွက် အစာကျွေးမှုနှင့် နွားခြံအဆောက်အအုံပုံစံများနှင့် နွားကလေး စတင်မွေးဖွားသည်မှ နွားနို့များ ထုတ်လုပ်နိုင်သည်အထိ အဆင့်ဆင့် ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန် /ဆက်)

## မိုင်းရှူးမြို့နယ်၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ(ဖလား) ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မိုင်းရှူး စက်တင်ဘာ ၁၁**

မိုင်းရှူးမြို့နယ်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ(ဖလား)ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ယမန်နေ့က မြို့မအားကစားကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင် အသင်း၁၇ သင်းက အားကစားသစ္စာအဓိဋ္ဌာန်



ရွတ်ဆိုကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသင်းသားများအား လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍အထကကျောင်းသူလေးများက အကနှင့် တိုးနရားအကများဖြင့် ကပြဖျော်ဖြေကြပြီး နမ့်ပါလမ် (FC)အသင်းနှင့် မိုင်းရှူး ပတ္တမြား(FC)အသင်းက ကွင်းဖွင့်ပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝါသနာရှင်မိဘပြည်သူများ လာရောက်ကြည့်ရှု အားပေးကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်အတွင်း စနစ်ကျသောစိုက်ပျိုးရေးစနစ်ဖြင့် ဆောင်ရွက်သည့် မိုးစပါးစိုက်ကွင်းများ ကွင်းဆင်းကြည့်ရှု

**ပေါက်ခေါင်း စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ပေါက်ခေါင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်



ကိုယ်စားလှယ်၊ သက်ဆိုင်ရာ တာဝန်ရှိသူများသည် စက်တင်ဘာ ၉ ရက်က ပေါက်ခေါင်းမြို့နယ် ဝက်တိုးကျေးရွာနှင့် ဥသျှစ်ကုန်းကျေးရွာများသို့ သွားရောက်ပြီး သမဝါယမစနစ်ကို အခြေခံ၍ စနစ်ကျသောစိုက်ပျိုးရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် စပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ကွင်းများသို့ ကွင်းဆင်းကြည့်ရှုကာ သီးနှံအထွက်တိုးတက်စေရေး၊ သွင်းအားစုများ အချိန်ကိုက်မှန်ကန်စွာ သုံးစွဲနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိစေရေး ကြိုတင်သတိပြုရန်နှင့် တောင်သူများတင်ပြသည့် လိုအပ်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့က အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ စုပေါင်းသွေးလှူဒါန်း

**မိတ္ထီလာ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှ ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများက ယနေ့နံနက်တွင် အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ စုပေါင်းသွေးလှူဒါန်းရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများအား ကြက်ဥနှင့် အားဖြည့်အချိုရည်တို့ကို ပေးအပ်ခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ကဝမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်



**ကဝ စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် ယမန်နေ့နံနက်က တံတားကြီးရပ်ကွက်၊ မင်ပိုင်းရပ်ကွက်၊ ကျောင်းကြီးရပ်ကွက်ရှိ ကမ်းနားကျောင်းတိုက်၊ ရုံးကြီးရပ်ကွက်နှင့်ခမေလေးရပ်ကွက် ရုံးကျောင်းတိုက်တို့၌ ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်ဥပဒေအရာရှိနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ရပ်ကွက်နေ ပြည်သူများအား ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်း ဆောင်ရွက်ခဲ့ပြီး သင်တန်း၌ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊မူးယစ်ဆေးဝါးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ရပ်/ကျေးဥပဒေတို့မှ သိမှတ်ဖွယ်ရာများကို ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၉ ဦး တက်ရောက်ခဲ့သည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ မြကန်သာငွေစုငွေချေးသမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်

**ဘီးလင်း စက်တင်ဘာ ၁၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မြကန်သာ ငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက်က အသင်းရုံးတည်ရှိရာ (ကန်သာယာရပ်ကွက်၌ ပြုလုပ်ရာ အသင်းတာဝန်ရှိသူများက ၂၀၂၅-



၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ချက်များနှင့် ဆောင်ရွက်သည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းမင်းထွန်းက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသင်း အမှုဆောင်အသစ်ဖွဲ့စည်းပေးပြီး အသင်းသားများအား အစုပေါ်အမြတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်မြို့နယ်၌ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ခြင်းသင်တန်းဖွင့်

**ပြည် စက်တင်ဘာ ၁၁**

ပြည်မြို့နယ် မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖွင့်လှစ်ရာ ပဲခူးတိုင်းဒေသကြီး တိုင်းဦးစီးမှူးက စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်နှင့် ပြင်ဆင်သည့် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ ပို့ချဆွေးနွေးပြီး ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ



သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌများနှင့် အမှုဆောင်များ စုစုပေါင်း ၈၀ သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပခုက္ကူမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ပခုက္ကူ စက်တင်ဘာ ၁၁**

ပခုက္ကူမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ စက်တင်ဘာ ၇ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက သင်တန်းသား ၅၀ အား သင်တန်းဝတ်စုံများ ပေးအပ်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ **ဘာမီသာ(ပခုက္ကူ)**



## မိုင်းဖြတ်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မိုင်းဖြတ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်း၊ တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလွင်တို့က စက်တင်ဘာ ၁၀ ရက်တွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဝမ်မိုင်-ပါပူး ကတ္တရာခင်းခြင်း(၀/၂.၅)မိုင်ကို လည်းကောင်း၊ မိုင်းဖြတ်-ပါညု (၀/၁.၃)မိုင် ကွန်ကရစ်ခင်းခြင်းကို လည်းကောင်း၊ ပါလောင်းရွာအဝင်လမ်း (၀/၂)မိုင် ကွန်ကရစ်ခင်းခြင်းကို လည်းကောင်း၊ ဟောင်ဟင်-နမ့်ကုန်း-အင်ပါကူလမ်း (၀/၂)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို လည်းကောင်း ကွင်းဆင်းစစ်ဆေးရာ သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ရွှေကို(မိုင်းဖြတ်)**



ကျောက်တံခါးမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စုမှူးရုံး(ရန်ကုန်)မှ ယာယီရဲမှူး မောင်ကျော် ဦးစီးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့က စက်တင်ဘာ ၉ ရက်တွင် မြို့ချောင်းတိုက်နယ်ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။
မျိုးမင်း(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့် မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **ဇီဝဗေဒနှင့် ဓာတုဗေဒ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | | |
|---|---|---|
| (က) | **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း။ |
| (ခ) | **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) | **လားရှိုးမြို့** | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) | **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) | **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) | **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) | **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) | **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) | **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) | **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) | **မုံရွာမြို့** | တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ။ |
| (ဌ) | **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) | **တောင်ငူမြို့** | အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို** သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ-၅၊ ဦးပိုင်အမှတ် ၂၆/၄၇x၄၈ ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဦးညီအောင် အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးညီအောင်၊ မိခင် ဒေါ်နန်းစီတို့ ကွယ်လွန်၍ ကျန်ရစ်သူ တစ်ဦးတည်းသောသား ဦးအောင်စည်သူ ၉/အမဇ (နိုင်)၀၀၉၈၅၃ က ၂၄၀၀ိ/၊ ၄၀၀၀ိ/ ငွေသွင်းပြေစာများ၊ မြေချထားမိန့်၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် (ညည-၁၂)၊ ဦးပိုင်အမှတ် ၁/၅၉x၆၀ လမ်းကြား၊ ၁၂၂x၁၂၃ လမ်းကြားရှိ ဦးမူဟာ မက်ဇော်လီ(ခ)ဦးလှကျော် အမည်ပေါက်ဂရန်မြေကွက်အား ခင်ပွန်း ဦးမူမဟာမက် ဇော်လီ(ခ)ဦးလှကျော် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီးနှင့် သားသမီး များဖြစ်ကြသော ဒေါ်နီလာ ၁၃/တကန(ပြု)၀၀၀၆၁၁၊ ဒေါ်ဖြူဖြူဝင်း ၉/ခမစ(ပြု)၀၀၀၁၉၉၊ ဦးကျော်ဝင်းထွန်း ၉/ခမစ(ပြု)၀၀၀၂၀၀ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက် အမှတ်(၇၃၈)၊ ဦးပိုင်အမှတ်(၃၁)၊ ၇၂လမ်း၊ ၂၉x၃၀လမ်းကြားရှိ ဒေါ်ခေါ်ခါန် ရော် အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၉၆၃/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဆိုင်းနွယ် ၉/မနမ(နိုင်)၁၂၃၂၇၈၊ ဦးဆွတ်အောင် ၉/မနမ (နိုင်)၁၂၃၂၇၉၊ ဒေါ်ဆိုင်းမိုင် ၉/မနမ(နိုင်)၁၂၃၂၈၀၊ ဒေါ်ဆိုင်းဂျား ၉/အမဇ(နိုင်) ၀၁၇၃၉၆၊ ဒေါ်ဂျာလင့်(ခ)L ဂျာလျန်း ၁/မကန(နိုင်)၁၇၄၆၆၄ က အမှုတွဲအမှတ် (၂၂၅၂/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/6814 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မနှစ်ဦး နေခြည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းဦး ၁၀/သထန(နိုင်) ၁၀၁၄၂၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘားအံမြို့၊ အမှတ် (၄)အခြေခံ ပညာအထက်တန်းကျောင်း Grade-12(A) တွင် ပညာသင် ကြားနေသော နန်းသဇင်မိုးဦး၏ ဖခင်အမည်မှန်မှာ ဦးလှဌေး ၁၀/မလမ(နိုင်)၂၀၈၁၇၅ ဖြစ်ပါ ကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့၊ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်းမှ (လ/ထ)မူလတန်းပြဆရာမ ဒေါ်ဇင် မြင့်မော် ၃/ဘအန(နိုင်)၂၆၈၆၂၉ ၏ဖခင် ဦးဝင်းခိုင်(ခ)ဦးသန်းဖေမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့နယ်၊ အထက- တရုတ်လှကျောင်း (Grade-12) ကျောင်းသူ မမိုးပွင့်ဖြူ ၃/ဘအန (နိုင်)၄၈၈၀၈၂ ၏ ဖခင် ဦးလှထူး(ခ) ဦးလှထူးအောင် ၁၀/ခဆန(နိုင်) ၀၄၇၅၃၆ မှာ တစ်ဦးတည်းဖြစ် ကြောင်း။

## ဒေါ်ကြည်ကြည် (ABN-၀၅၅၇၃၇) သိစေရန်

တောင်ကြီးမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊သစ္စာလမ်း၊ အမှတ်-၁၁၆/၆နေ ဦးရွှင်းရှုကျိုး(ခ) မောင်ရွှေ (၁၃/တကန (ဧည့်)၀၀၀၃၅၄)၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်သည်မှာ -

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၀) ရပ်ကွက်၊ မြေကွက်အမှတ် (၂၅၄)၊ကွင်း/အကွက်အမှတ်နှင့်အမည် - ၈၉/မုံတဝရွာအနောက်၊ဧရိယာ(၀.၀၆၀) ဧကရှိ မြေဥပစာကို တောင်ကြီးမြို့၊ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ထုတ်ပေးသောမြေငှားဂရန် အမှတ်-၉၆၉/၁၉၉၃ အရနှစ်(၃၀)သက်တမ်းရှိ အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်ကြည်ကြည် (ဘ) ဦးဘိုးဆယ် (ABN- ၀၅၅၇၃၇) ထံမှ (၁၈-၉-၂၀၀၆)ရက်ရက်စွဲပါ"အိမ်ခြံမြေကွက်အရောင်း အဝယ်စာချုပ်"အရ ဦးရွှင်းရှုကျိုး (ခ)မောင်ရွှေ (၁၃/တကန(ဧည့်)၀၀၀၃၅၄)က လွှဲပြောင်းဝယ်ယူ လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါ၍ ယခုအခါ ၎င်းမြေကွက်အား တရားဝင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုလိုပါသောကြောင့် အထက်ပါ (ရောင်းချသူ)က ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဝယ်ယူထားရှိသူ ဦးရွှင်းရှုကျိုး (ခ)မောင်ရွှေသို့ ဖြစ်စေ၊ ကျွန်ုပ်ထံသို့ ဖြစ်စေမပျက်မကွက် (မပျက်မကွက်) ဆက်သွယ်၍ အရောင်း အဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် သိစေအပ်ပါသည်။

အကယ်၍ သတ်မှတ်ရက် ကျော်လွန်သွားပါက သက်ဆိုင်ရာ ရုံးတော်များတွင် ဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်ပါမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြား ချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းထက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၈၃၀/၂၀၂၅)**
**အမှတ်(၀မ-၁၉၃)၊ ရတနာလမ်း၊ နယ်မြေ(၆)၊ ကျောင်းကြီးစုရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၆၉၆၃၀၈၄၉၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၁

| | | |
|---|---|---|
| ဦးဇော်မင်းသူ | နှင့် | တပ်သားခင်မောင်ဝင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ် (ဃ-၅)၊ ဦးပိုင်(၂၇)ရပ်နေ တပ်သားခင်မောင်ဝင်း(ဘ)ဦးညိုတင်၊ (SBO-၁၃၆၄၃၀) (ယခုနေရပ်လိပ်စာမသိ) အားသိစေ ရမည်။

သင့်အပေါ် တရားလို ဦးဇော်မင်းသူက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (ယခင်) မန္တလေးအရှေ့မြောက်မြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ (ယခင်)ပြည်ကြီး မျက်ရှင်ရပ်ကွက် အကွက်အမှတ် (ခ-၂)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်သား ခင်မောင်ဝင်း အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀x၆၀)အကျယ်အဝန်းရှိ မြေကွက်အား ကတိပဋိညာဉ်အရ မြေရောင်းဝယ်မှုအား ဥပဒေနှင့်အညီအရောင်းအဝယ် မှတ်ပုံတင် စာချုပ် ချုပ်ဆို ပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၊ ၂၈ ရက်၊ (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၂ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်း စေရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကိုထုတ် ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလို သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့် ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၁၀ ရက် တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဘုန်းမြင့်သောင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ အမှတ်(၂) အခြေခံပညာ အထက် တန်းကျောင်း Grade-11မှ မငွေ လသာ၏ ဖခင်အမည်မှန်မှာ (ဦးမင်းသူ) ၅/ရဘန(နိုင်)၁၇၃၅၅၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင် တုန်းမြို့နယ်၊ စွန်တနီးကျေးရွာ၊ အလက ကျောင်းအမှတ် (၁၀၀) Grade-5 တွင် ပညာသင်ကြားနေ သော မချစ်ဆုကျော်ဇင်၏ ဖခင် အမည်မှန်မှာ ဦးကျော်ဇင်သက် ဖြစ်ပါကြောင်း။

**ဦးကျော်ဇင်သက်**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက ကျိုက္ခမိ Grade-9 မှ မပိုး မီမီအောင်၏ မိဘ ဦးစိုးနိုင်သိန်းနှင့် ဒေါ်ခင်ဌေးဝေတို့၏ အမည်မှန်မှာ ဦးစိုးခိုင်သိန်း ၁၄/ဒဒရ(နိုင်) ၁၂၇၈၁၈ နှင့် ဒေါ်နှင်းနွယ် ၁၀/မဒန(နိုင်) ၁၈၁၄၆၀ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသန်းမောင် ၏သမီး ဒေါ်ယုခိုင် (၇/ဖမန(နိုင်)၀၈၉၉၈၈) ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါ က အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၃၆၇၀၄၁**

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ သူရ(၉)လမ်း၊ မြေကွက်အမှတ်(၂၆၄/ခ)၊ မြေပေအကျယ်အဝန်းပေ(၂၀x၆၀) ရှိ မြေပေါ်တွင် မြေပိုင်ရှင်များဖြစ်သော ဦးဟန်စိုးဦး(၉/ပသက(နိုင်)၀၈၀၂၃၀) နှင့် ဒေါ်မေသူချို (၇/ပတန(နိုင်)၀၈၆၂၉၄)တို့ ကိုယ်ပိုင်ဆောက်လုပ်ထားသည့် (၁)ခန်းတည်း(၆)ထပ် RC အဆောက်အအုံမှ ၄င်းတိုက်ဆိုင်သော တတိယထပ် (၄-လွှာ)၊ အခန်းအကျယ်အဝန်း(၁၈x၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းအား အရောင်း အဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

အထက်ပါ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသော အထက်အမည်ပါ ရောင်းချသူများထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထား ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ယနေ့မှ စ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ် ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁ တိုးချဲ့)၊ ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ်(၈၁၂)၊ မြေပေအကျယ်ပေ (၄၀x၆၀)ရှိ ဦးသန်းထွန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၈၁၃)နှင့်ကပ်လျက်ရှိ မြေပေအကျယ်ပေ(၂၀x၆၀) အား အရောင်း အဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏သဘောဆန္ဒ ဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသူ ဦးခန့်နိုင် (၁၂/လမတ (နိုင်)၀၀၁၀၂၈)နှင့်ဦးကျော်ဇေယျာဝင်း (၁၂/အလန(နိုင်)၁၄၂၉၁၆) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက် နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၀

| | | |
|---|---|---|
| ဦးထွန်းထွန်းလင်း | နှင့် | တပ်သားခင်မောင်ဝင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ် (ဃ-၅)၊ ဦးပိုင်(၂၇)ရပ်နေ တပ်သားခင်မောင်ဝင်း(ဘ)ဦးညိုတင်၊ (SBO-၁၃၆၄၃၀) (ယခုနေရပ်လိပ်စာမသိ) အား သိစေရမည်။

သင့်အပေါ် တရားလိုဦးထွန်းထွန်းလင်းက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (ယခင်) မန္တလေးအရှေ့မြောက်မြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ (ယခင်)ပြည်ကြီး မျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် (ခ-၂)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်သား ခင်မောင်ဝင်း အမည်ပေါက် ဂရန်မြေကွက်၏ မြောက် ဘက်ခြမ်း ပေ(၂၀x၆၀)အကျယ်အဝန်းရှိ မြေကွက်အား ကတိပဋိညာဉ်အရ မြေရောင်းဝယ်မှုအား ဥပဒေနှင့်အညီ အရောင်းအဝယ် မှတ်ပုံတင် စာချုပ်ချုပ်ဆို ပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း ၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၊ ၂၈ ရက်၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၂ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည် ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်း စေရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဘုန်းမြင့်သောင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် (ပ-၂၂၅၈၀)၊ ဒေါ်နန်းလင်းလင်းအောင် (ဘ)ဦးချစ်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်နန်းလင်းလင်းအောင် ၁၃/ကမန(နိုင်)၀၆၉၆၉၃ (ဘ) ဦးချစ်မောင်မှ ဒေါ်သဇင်ကိုကိုအောင် ၁၂/စခန(နိုင်)၀၇၂၈၆၇ (ဘ)ဦးကိုကို အောင်၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ မြေပုံ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၁၅၊ ဦးပိုင်အမှတ် ၇-က၊ ၂၂ x ၂၆လမ်းကြား၊ အောက်ကမ်းနားလမ်းနှင့် သင်္ဂဇာချောင်းပတ်လမ်းကြားရှိ ဘိုးဘ မြေကွက်အမည်ပေါက်သူ ဦးစောမြင့် ၉/မနတ(နိုင်)၀၇၂၇၀၉၊ ဒေါ်ခင် ဆွေဝင်း ၉/မနတ(နိုင်)၀၇၉၀၀၅တို့က အမည် ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် ၆၀၃၊ ဦးပိုင်အမှတ် ၁၁၅-က/၁၀၊ ပုထိုးတော်ကြီးအရှေ့ဘက်၊ မေဃဝန်လမ်းနှင့် ပွဲပါမင်းကျောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသက်တင်ဝင်း ၅/စကန (နိုင်)၀၁၈၆၇၇ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၁၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဉာဏ်မျိုးထက် ၉/ခအဇ(နိုင်)၀၅၉၉၃၇၇က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက် အမှတ် ဇ-၅၊ ဦးပိုင်အမှတ် ၁၂၆ ခဲစင်းမြောက်ခြမ်း၊ ၆၀x၆၁ ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဒေါ်ခင်စော အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၅၆၄/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင် မာကြည် ၉/ပသက(နိုင်)၀၇၅၀၃၇ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 57W/30385 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၇၆၁၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေ ရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်) ထားဝယ်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆သယ/၅၉၇၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွနံပါတ် ပြား ပျက်ပြယ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်) ထားဝယ်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၂၈၈၅၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွနံပါတ် ပြား ပျက်ပြယ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်) ထားဝယ်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆သယ/၇၅၅၄၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွနံပါတ် ပြား ပျက်ပြယ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်) ထားဝယ်မြို့**

## ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ တက္ကသိုလ်လမ်းမကြီး၊ အမှတ် (၁၄၅၈)နေ ဒေါ်ခင်မာလွင်၁၄/အဂပ (နိုင်)၀၄၂၆၆၅မှာ ဦးအောင်လွင် ၁၄/ရကန(နိုင်)၀၇၀၄၈၃၏ ဇနီး ဖြစ် ပါသည်။ ဒေါ်ခင်မာလွင်သည် ဦးအောင်လွင်နှင့် မိသားစုကို အသိပေးခြင်းမရှိဘဲ ၎င်း၏ သဘော အလျောက် နေအိမ်မှ စွန့်လွှတ် ထွက်ခွာသွားခဲ့ပါသည်။ ဒေါ်ခင်မာ လွင်နှင့်ပတ်သက်သည့် မည်သည့် အကြောင်းကိစ္စရပ်ကိုမျှ ဦးအောင် လွင်နှင့် မိသားစုတို့မှ တာဝန်ယူ ဖြေရှင်း ဆောင်ရွက်ပေးမည် မဟုတ်ပါ။ ၎င်းနှင့်ပတ်သက်မှု လုံးဝ မရှိပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးအောင်လွင်**

## အမွေထိန်းလက်မှတ်စာ ရရှိထားသောပစ္စည်းများအား စီမံခန့်ခွဲခွင့်ပြုပါရန်လျှောက်ထားကြောင်းအကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇) တောင်ကြီးခရိုင်တရားရုံး ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၈ ကွယ်လွန်သူ ဒေါ်အယ်နီတာ၌ ကျန်ရစ်သောပစ္စည်းအကြောင်း

ဦးစောကလိုထူး လျှောက်ထားသူ

အမှတ်(မ/၁၉၀)၊ ခွာညိုလမ်း၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့နေ ဦးစောကလိုထူးက ကွယ်လွန်သူ ဒေါ်အယ်နီတာ၏ တူတော်စပ်သူဖြစ်သည်ဟူ၍ အမှတ်(၁၃/၈)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့နေ ၎င်းကွယ်လွန်သူ ဒေါ်အယ်နီတာ၏ ကျန်ရစ်သောပစ္စည်းဖြစ်သည့် မြေကွက်အား မြေပုံ၊ မြေရာဇဝင်ရေးကူးခြင်း၊ ဂရန်သက်တမ်းတိုးခြင်း၊ အမည်ပြောင်းခြင်းတို့ကိုဆောင်ရွက်နိုင်ရန်အတွက် အမွေဆက်ခံခြင်းအက် ဥပဒေ ၃၀၇ အရ အမွေထိန်းလက်မှတ်စာပါပစ္စည်းများအား စီမံခန့်ခွဲခွင့်ပြုပါရန် ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်အယ်နီတာမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်) တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးစောကလိုထူး၏ လျှောက်ထားချက်ကိုကြားနာ၍ အမွေထိန်းလက်မှတ်စာပါ ပစ္စည်းများအား စီမံခန့်ခွဲခွင့်သင့်/မသင့်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဥက္ကာမောင်)
ဒုတိယခရိုင်တရားကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅) ပြင်ဦးလွင်မြို့နယ် တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၄

ဒေါ်တင်တင်အေး နှင့် ဗိုလ်မှူးကြီးခင်မောင်ဌေး
တရားလို တရားပြိုင်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ နန်းဦးလမ်း၊ အမှတ်(၃၂၀)နေ ဗိုလ်မှူးကြီးခင်မောင်ဌေး (ယခုနေရပ် လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်အေးက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုသည် ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် ) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထားစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးနိုင်လင်း)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၂၊ ဂေါက်ရိုက်ကွင်း အနောက်) ဦးပိုင်အမှတ်(၁၄၄)၊ မြေဧရိယာ(၀.၁၁၀) ဧကရှိမြေကွက်သည် မူလက ဒေါ်လထော်ကော့အမည်ဖြင့် (၂-၁-၂၀၁၁) ရက်အထိ မြေငှားဂရန် သက်တမ်းရှိခဲ့ပြီး ဂရန်အမည်ပေါက်သူ ဒေါ်လထော်ကော့ထံမှ ဒေါ်ထွယ်ရာက (၁၆-၁-၂၀၁၀) ရက်စွဲပါနှစ်ဦးသဘောတူအိမ်နှင့် မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်ထွယ်ရာ ၁/မကန(နိုင်)၀၀၉၂၈၉အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက်(၂၉-၅-၂၀၂၆) ရက်စွဲပါကတိသစ္စာ ပြုလွှာအမှတ် (၄၂၆/၂၀၂၆)ကို (၃-၆-၂၀၂၆) ရက်စွဲပါကတိသစ္စာပြုလွှာ မှတ်ပုံတင် အမှတ်(၃၂၇/၂၀၂၆) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မြစ်ကြီးနားမြို့

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ)ဦးဇော်ဝင်းထွန်း၏သား ဦးဝေယံထွန်း(ခ) Brian (၁၂/ဥကတ(နိုင်)၂၀၆၇၁၂) သည် လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် ကောင်းသောဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာရပ်တည်နေထိုင်သူတစ်ဦးဖြစ်ပါသည်။ ဦးဝေယံထွန်း၏ ခွင့်ပြုချက်မရှိဘဲ ၎င်း၏အမည်၊ ဓာတ်ပုံများအားအသုံးပြု၍ ဂုဏ်သိက္ခာကျဆင်းစေသောစကားလုံးများ၊ အသရေပျက်စေသောအသုံးအနှုန်းများဖြင့်ရေးသား၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင်ဖြန့်ဝေခြင်းများ၊ ဦးဝေယံထွန်းအား အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ အကောင့်အတုများဖန်တီးကာ နှောင့်ယှက်ခြင်းများပြုလုပ်လျက်ရှိသောကြောင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ရပ်တန့်မှုရပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ထို့ပြင် ဦးဝေယံထွန်းနှင့်ပတ်သက်၍ မည်သူ မဆို ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ လူမှုကွန်ရက်စာ မျက်နှာပေါ်တွင် မမှန်မကန်ကြေညာခြင်း၊ ဖြန့်ဝေခြင်း၊ ခြိမ်း ခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ အသရေပျက်စေခြင်း စသည်တို့ကို ပြုလုပ်လျှင်သော်လည်းကောင်း၊ ဦးဝေယံထွန်းထံသို့ မည်သည့် နည်းလမ်းနှင့်မဆို ထပ်မံနှောင့်ယှက်လျှင်သော်လည်းကောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရလိမ့်မည် ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

ဦးဝေယံထွန်း(ခ) Brian ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိဖြူနှင်း (LL.B, D.B.L, D.I.P.L) အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)
ဖုန်း-၀၉-၄၂၀၀၄၇၅၅၅

## ဖခင်အမည်မှန်

မကွေးမြို့၊ စံမြေကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်မျိုးချစ်ဇော်၏ ဖခင် ဦးမောင်ဇော်၏ အမည်မှန်မှာ ဦးမြင့်ဇော် (၈/မကန(နိုင်)၁၄၀၀၁၄) ဖြစ်ပါကြောင်း။

ဦးမြင့်ဇော်

## အမည်မှန်

ဦးဇော်ဇော်၏သား၊ မော်လမြိုင်မြို့၊ အ.ထ.က (၉) Grade-12 တန်းမှ မောင်နေလင်းဦး၏ အမည်မှန်မှာမင်းနေလင်းဦး ဖြစ်ပါကြောင်း။

မင်းနေလင်းဦး

## ဖခင်အမည်မှန်

ကန်ကြီးထောင့်မြို့နယ်၊ အ.မ.က - ကျွန်းကုန်းလေး Grade-5 တွင် ပညာသင်ကြားနေသော နော်ဟိုဲနာမူး ၏ ဖခင်အမည်မှန်မှာ စောဂျယ်ဘရီ ၁၄/ကကထ(နိုင်)၁၅၃၃၈၅ ဖြစ်ပါကြောင်း။

စောဂျယ်ဘရီ

## တစ်ဦးတည်းဖြစ်ပါကြောင်း

သရက်ချောင်းမြို့နယ်၊ ရဲဲရွာနေ၊ အ.ထ.က(၄) (ထားဝယ်) G-6 တွင် ပညာသင်ကြားနေသော မကေမီလင်း ၏ ဖခင်ဦးမောင်မောင်နိုင် ၆/သရခ(နိုင်)၀၆၀၅၆၄ နှင့် ဦးမောင်နိုင်တို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဒဂုံ မြို့ နယ်၊ ဇီဇဝါ ၃ လမ်း၊(၂၅)ရပ်ကွက်၊ မြေကွက်အမှတ်(၈၀၇ ခ) ဦးအောင်မြင့် အမည်ပေါက် (ပေ ၄၀ x ပေ ၆၀) ဂရန်မြေမှ မြေတစ်ဝက်ဖြစ်သော (ပေ ၂၀ x ပေ ၆၀) အား အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်အုန်းမြင့် (၁၂/ကမတ(နိုင်)၀၄၂၀၆၉)မှ ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ (၄-၉-၂၀၂၆)ရက်တွင် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေ အရောင်းအဝယ်ပြုခဲ့သည်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်အခွင့်အရေးရှိသူမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲမြတ်နောင် (LL.B) အထက်တန်းရှေ့နေ (စဉ် -၃၆၄၁၇)
ကန်သာယာစီပွားရေးစင်တာ ၉ လွှာ (အေ)မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၂၀၁၇၃၊ ၀၉-၉၈၃၁၂၃၂၃၉

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် A-၉၊ ဦးပိုင်အမှတ် ၅/၂၈X၂၉ကြား၊ ၅၂X၅၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဖုကွေ ၁/မကန(နိုင်)၀၆၀၅၄၈က **ဂရန်စာချုပ်တင်ပြ၍** မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၆)ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် (၂၄၄/ဆယ်ဘီးလမ်းမြောက်ရပ်)၊ ဦးပိုင်အမှတ်(၂၁၂)၊ မြေကွက်အမှတ်(၇၀၃)၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိ (၁၀) နှစ် မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးသိန်းဦး ၁၃/ကလန(နိုင်)၀၁၃၈၅၀ က ၎င်းကသာလျှင် တရားဝင် ပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်ဦးမင်းကျော်သက် ၁၃/နခတ(နိုင်)၀၈၈၁၃၄ မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမင်းကျော်သက်
သစ်တောရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၉၂၅၅၈၃၅၇၂၅

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၉-၉-၂၀၂၆)ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၀)ပါ ဒေါ်ဗန်လားငှကီး(LL.B) (အထက်တန်းရှေ့နေ) ၏ "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း" တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၄၀)အစား မြေတိုင်းရပ်ကွက်အမှတ် (၁၄၉)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄(မြောက်)ရပ်ကွက်၊ မြို့မ (၁၁)လမ်း၊ တိုက်အမှတ် (၂၈၂)၊ ပထမ ထပ် (ဘယ်ဘက်ခန်း) (၁၇'x၅၄') ပေ အကျယ်ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အဝဝတို့အား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ရောင်းချလိုသူ ဒေါ်မေဇွန်မိုး (၁၂/သကတ(နိုင်)၁၆၁၇၀၅) ထံမှ ကျွန်ုပ် ဦးပြည့်ဖြိုးမင်းနှင့် ဒေါ်ခင်သီတာထွန်းတို့သည် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှု အထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| ဦးပြည့်ဖြိုးမင်း | ဒေါ်ခင်သီတာထွန်း |
|---|---|
| (၉/တသန(နိုင်)၁၅၅၃၉၇) | ၉/တသန(နိုင်)၁၇၇၅၁၃ |
| ဖုန်း-၀၉-၂၅၅၇၅၅၃၅၈ | ဖုန်း-၀၉-၇၉၆၁၉၉၆၆၅ |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6U/9170 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါက်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က.ည.န၊ ခရိုင်ရုံး (တာချီလိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/55595, HONDA DREAM ND -125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင်(၉/မထလ(နိုင်) ၀၉၅၃၆၉)က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး
(တာချီလိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/45855 , Honda pcx -160 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကျန်(၁၃/တခလ(နိုင်)၀၆၈၁၂၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး
(တာချီလိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15W/99329ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၇/ကဝန(နိုင်)၁၄၀၄၉၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/43914, Honda PCX 160 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးထွန်း ၁၄/ဟသတ(နိုင်)၂၇၇၃၂၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟင်္သာတ)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဥသျှောင်မြို့သစ်၊ ဓမ္မစေတီလမ်းသွယ်(၂)၊ အမှတ် ၁၂၀နေ ဦးမျိုးခိုင်(ဘ) ဦးတင်ထွန်း ၇/ကဝန(နိုင်) ၀၉၂၁၉၀ သည် ရပ်ကွက်ကြီး(၁)၊ မြေတိုင်း(၆)၊ (၃)လမ်း၊ အမှတ် ၂၁၁နေ ဒေါ်မြမြစန်း (ဘ) ဦးကြည်အေး ၇/ပခန(နိုင်) ၂၂၂၄၇၄ ထံမှ အရှေ့လားသော် - စမ်းကြီးတောရလမ်း၊ အနောက်လားသော်-မြေကွက်အမှတ်(၉၀)၊ တောင်လားသော်-မြေကွက်အမှတ်(၁၀၄)၊ မြောက်လားသော်-လမ်း စသည့်အလား(၄)ရပ်အတွင်းရှိ မျက်နှာဝပေ(၄၀)၊ အလျားပေ(၆၀) အိမ်ခြံမြေကွက်အား(၈-၉-၂၀၂၆)ရက်တွင် နှစ်ဦးနှစ်ဖက်အရောင်းအဝယ် စရန်ပေးစာချုပ်ချုပ်ဆိုပြီး ကျန်ငွေအား (၈-၁၀-၂၀၂၆)ရက်တွင် ပေးချေ၍ အပြီးအပိုင် အရောင်း အဝယ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပါသည်။ ထိုသို့ချုပ်ဆိုပြီး နောက်ဆက်လက်၍ ခြံမြေအား ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ အမည်လွှဲပြောင်းခြင်းနှင့် ဝယ်ယူသူ အပြည့်အဝ ပိုင်ဆိုင်နိုင်ရန် ပိုင်ဆိုင်ခွင့် လျှောက်ထားမည် ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဝယ်ယူသူမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ထူး(LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၁၅)
အမှတ်(၃/၄၉)၊ အုန်းနဲ့စံပြကျေးရွာ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၇)၊ အကွက်အမှတ် (၆၆၄-က)၊ ကွင်းအမည် (ဆင်ခေါင်းမြောက်ကွင်း) ဦးပိုင်အမှတ် (၁၀၃)၊ မြေဧရိယာ(၀.၁၄၇)ဧကရှိ ဂရန်စာချုပ် နံပါတ်(၇၅၅/၂၀၂၄-၂၀၂၅)၌ မှတ်သားတည်ရှိသောနှစ်(၃၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဝင်းထွန်းထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမြင့်ဝေ (၉/ပဥလ (နိုင်) ၀၀၂၄၉၃) မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင် မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးမြင့်ဝေ | ဒေါ်သူသူထက် ( LL.B) စဉ် (၅၇၀၂၂) |
| (၉/ပဥလ(နိုင်)၀၀၂၄၉၃) | အထက်တန်းရှေ့နေ |
| | အနီးစခန်း၊ ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့၊ |
| | Ph-09-981053481, 09-886538989 |

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ အ.ထ.က( ခွဲ)မြောက်ခွေးရဲ G-12 တွင် ပညာသင်ကြားနေသော မဇင်ဇင်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၇/ပခတ(နိုင်)၀၆၄၅၈၈ ဖြစ်ပါသည်။

ဦးမောင်ဇော်

## မိခင်အမည်မှန်

ဓနုဖြူမြို့နယ်၊ အ.ထ.က(၂) ဓနုဖြူ Grade 12(B)မှ မောင်သူရအောင် ၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာချို ၁၄/ဓနဖ(နိုင်)၀၃၈၄၀၄ ဖြစ်ပါကြောင်း။

ဒေါ်ခင်မာချို
၁၄/ဓနဖ(နိုင်)၀၃၈၄၀၄

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် A-၉၊ ဦးပိုင်အမှတ် ၆/၂၈X၂၉ကြား၊ ၅၂X၅၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဖုကွေ ၁/မကန(နိုင်)၀၆၀၅၄၈က **ဂရန်စာချုပ်တင်ပြ၍** မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## မွေးသက္ကရာဇ်အမှန်

ကော့ကရိတ်မြို့၊ အထက (၁)Grade-12 မှ နန်းဝသာန်မိုး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၁-၁၁-၂၀၀၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး/တောင်၊ မြေကွက်အမှတ်၃၄၄(ခ)၊ မြေအကျယ်အဝန်း-အလျား ပေ(၂၀)Xအနံပေ(၆၀)ရှိ ဒေါ်ဥမ္မာခင် "အမည်ပေါက်နှစ်(၆၀)ဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အမှတ်-၃၄၄(ခ)၊ အောင်သြဘာလမ်း၊ ကြီးပွားရေး/တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုအမည်ပေါက်ပိုင်ဆိုင်လက်ရှိထား၍ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်ဥမ္မာခင်(၁၂/အစန(နိုင်)၁၂၀၉၉၂)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(၈-၉-၂၀၂၆)ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်နှင့်မြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယနေ့ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူသွယ်ယု(LL.B, DBL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၀၂)
အမှတ် (၁၃/၁၅)၊ ဒုတိယထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၆၈၁၁၇၈

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၄) Grade-7 မှ မဟန်နီထွန်း၏ ဖခင်အမည်မှန်မှာ ဦးချစ်အောင် ၉/ပမန(နိုင်)၀၅၆၇၂၁ ဖြစ်ပါကြောင်း။

ဦးချစ်အောင်

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အထက(အောင်ပန်းစိန်) Grade-12 တွင် ပညာသင်ကြားနေသော မရတီမျိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဝင်း ၁၂/သခန(နိုင်)၁၄၇၈၅၆ ဖြစ်ပါကြောင်း။

ဦးဇော်မျိုးဝင်း

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ၂၃၀ကေဗွီ ကမာနတ်-လေှာ်ကားဓာတ်အားလိုင်း(၃၈.၄)မိုင်ရှိ ACSR Conductor ကြိုးအား ACCC Conductor ကြိုးဖြင့် အစားထိုးလဲလှယ်ရန် လိုအပ်သော ပစ္စည်းများအား တင်ဒါအမှတ် 45(T)/DPTSC(PSD)/2026-2027 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁-၁၀-၂၀၂၆)ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၈

ဦးရှိုးမောင်မောင်ကျော် နှင့် ဦးအောင်ဆန်း
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈- ၃၂)၊ ဦးပိုင်အမှတ်(၁)၊ ၄၆x၄၇ လမ်းကြား၊ ၁၀၉x၁၁၀ လမ်းကြားနေ ဦးအောင်ဆန်း (ဘ) ဦးနွဲ့စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရှိုးမောင်မောင်ကျော်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၇၇-၁)၊ ဦးပိုင်အမှတ်(၉၆)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် ( ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်နေ (ဘ)ဦးသိန်းဝင်း၏သား ဦးဇင်ဝင်းကိုကို ၆/လလန(နိုင်)၀၉၇၅၆၄ ၏ပတ်စ်ပို့နံပါတ် ME-194295 မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၉၄၁၅၇၂၂**

## မိခင်အမည်မှန်

(ဘ)ဦးအင်ဒရူး(ခ)အယ်ဒြူး၏သမီးဖြစ်သူ မြိတ်မြို့၊ အထက(၁) Grade-12(ဇီဇဝါ)ခန်းမှ နော်ချောနန္ဒာအေး၏ မိခင်ဒေါ်ပြူစီ၏ အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ နော်ပူစီ ၆/ပကမ(နိုင်)၀၀၂၅၀၂ ဖြစ်ပါကြောင်း။ **နော်ပူစီ**

## အမည်မှန်

(ဘ)ဦးအင်ဒရူး(ခ) အယ်ဒြူးနှင့် နော်ပူစီတို့၏ သမီးဖြစ်သူ မြိတ်မြို့၊ အထက(၁)Grade-12 (ဇီဇဝါ)ခန်းမှ နော်ချောနန္ဒာအေး၏အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ချောနန္ဒာအေး ၆/ဘပန(နိုင်) ၀၆၉၁၄၀ ဖြစ်ပါကြောင်း။

**ချောနန္ဒာအေး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ထွန်းတောက်ကြယ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 (C)မှ မအိမ့်ဇံထက်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးအောင်မင်းသူ ၆/တသရ(နိုင်)၀၉၆၉၂၅ ဖြစ်ပါကြောင်း။ **ဦးအောင်မင်းသူ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် (၈)၊ သီတာလမ်း၊ မြေကွက်အမှတ်(၁၉၂)၊ အကျယ် အဝန်း (ပေ၂၀xပေ၆၀)ရှိမြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်အောင်+ဦးသောင်းရွှေ အမည်ဖြင့် အမည်ပေါက်တည်ရှိသော နှစ်(၆၀)ဂရန်မြေဖြစ်ပြီး အဆိုပါ မြေကွက်ထဲမှ မြေကွက်အမှတ်(၁၉၂/ခ)တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသော အကျယ်အဝန်း (၁၀ ပေxပေ ၆၀)ရှိမြေနှင့် အဆောက်အအုံကို အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်တင်တင်ဝင်း(၁၂/လမတ(နိုင်)၀၂၉၃၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဇင်မင်းဦး (၅/တဆန(နိုင်)၁၁၅၉၉၉)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ အဆိုပါမြေ၊ အဆောက်အအုံနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ပြာစမ်း (LL.B,DL(101)WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၆၃)**
**အမှတ်(၅၅)၊ အခန်း(၁၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၄၃၀၄၂၁၃၄၊ ၀၉-၇၉၇၇၇၄၂၄၈**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(၈၅၀၀၀)ဂါလန်၊ Octane-92(၂၀၀၀၀)ဂါလန် နှင့် ပရီမီယမ်ဒီဇယ်ဆီ(၄၅၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့် တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၁၅-၉-၂၀၂၆ ရက် |
| (ခ) | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၁၈-၉-၂၀၂၆ ရက် |
| (ဂ) | **လျှောက်လွှာရောင်းချမည့်နေရာ** | - ၆၂လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန |
| (ဃ) | **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်ရက်** | - ၂၈-၉-၂၀၂၆ ရက် |
| (င) | **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေရာ** | - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ |
| (စ) | **တင်ဒါပုံစံဈေးနှုန်းများမှာ** | - ဒီဇယ်ဆီ ကျပ် ၁၅၀၀၀/-<br>Octane-92 ကျပ် ၁၀၀၀၀/-<br>ပရီမီယမ် ဒီဇယ်ဆီ ကျပ် ၁၅၀၀၀/- |

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သောကုမ္ပဏီအနေဖြင့် စက်သုံးဆီသွင်းကုန်လိုင်စင် Fuel Import License (လိုအပ်ပါကမူရင်းတင်ပြရမည်) တင်ပြနိုင်ရမည့်အပြင် စက်သုံးဆီများအား ပြည်ပမှတိုက်ရိုက်မှာယူ တင်သွင်းထားသည့် ကုမ္ပဏီဖြစ်ရပါမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၁၃၁၆၊ ၀၉-၄၄၄၀၁၅၀၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် -၁၅၆

ဒေါ်အေးအေးသန်း နှင့် ၁။ ဒေါ်ချစ်ဖူးငုံ
၂။ ဦးမျိုးမင်းသူ
(အယူခံတရားလို) (အယူခံတရားပြိုင်များ)

